# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ဝရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၄၂)၊ ၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် ၊ ၆–၈–၂၀၂၅၊ ဗုဒ္ဓဟူးနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည်သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## မြန်မာနိုင်ငံနှင့် နီကာရာဂွါသမ္မတနိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ် အခါသမယတွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အပြန်အလှန်ပေးပို့

နေပြည်တော် ဩဂုတ် ၆

၂၀၂၅ ခုနှစ် ဩဂုတ်လ ၆ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နီကာရာဂွါသမ္မတနိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးထူထောင်သည့် (၅) နှစ်ပြည့် အထိမ်းအမှတ် အခါသမယတွင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နီကာရာဂွါသမ္မတနိုင်ငံ၊ ပူးတွဲသမ္မတများဖြစ်ကြသည့် မစ္စတာ ဒန်နီရယ် အော်တီဂါ ဆာဗေဒရာနှင့် မစ္စ ရိုဆာရီယို မူရီလို တို့သည် ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အပြန်အလှန်ပေးပို့ခဲ့ကြသည်။

သတင်းစဉ်

## မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လျှပ်စစ်ရေတင်လုပ်ငန်းပေါင်း သုံးခုမှ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ



မင်းဘူး ဩဂုတ် ၅

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိကြီးပင်ကန်(အနောက်)ကျေးရွာအနီး အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်းအပါအဝင် လျှပ်စစ်ရေတင်လုပ်ငန်းပေါင်း သုံးခုမှ ဒေသခံတောင်သူများအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာအတွင်းရှိ ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန် ရာသီအလိုက်

**စာမျက်နှာ ၄ သို့** ※

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်မှန်ရပ်ကွက်၊ လမ်း၆၀၊ ၂၇ လမ်းနှင့် ၂၈လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၃)ရပ်ကွက်၊ အကွက်(ဈ-၁နှင့်၂)ကြား၊ ၆၁လမ်းနှင့် ၁၀၇လမ်းထောင့်တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဩဂုတ် ၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြောက်ရပ်ကွက်၊ ၄၂လမ်း၊ လမ်း၈၀နှင့် ၈၁လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ၁၂၅လမ်း၊ ၅၇ လမ်းနှင့် ၅၈လမ်းကြားတို့တွင်လည်းကောင်း၊ ဩဂုတ် ၇ ရက်တွင် အမရပူရမြို့နယ်၊ ရှမ်းကလေးကျွန်းကျေးရွာ၊ ဘုန်းကြီးကျောင်းဝင်းအတွင်းတွင်လည်းကောင်း၊ ဩဂုတ် ၈ ရက်တွင် ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ ၁၀၅လမ်း၊ ၅၃လမ်းနှင့် ၅၄လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည် ဖြစ်သည်။




ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

**မန္တလေးမြို့နှင့်အနီး တစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်**

နေပြည်တော် ဩဂုတ် ၅

**နေပြည်တော်နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၅ ခုနှစ်၊ ဩဂုတ် ၆ ရက်၊ ဗုဒ္ဓဟူးနေ့။

မန္တလေး

## ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုကောင်းမွန်လာစေရေး ဆောင်ရွက်ပေးလျက်ရှိ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေးဝန်ထမ်း ၄၇၉၅ ဦး၊ သားဖွားဆရာမ ၁၀၅၈ ဦး၊ သွားဘက်ဆိုင်ရာဆရာဝန် ၂၂ ဦး အပါအဝင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတွင် ဝန်ထမ်းသစ် ၇၃၀၅ ဦး ခန့်ထားနိုင်ခဲ့ပြီး ၃၁၉၂ ဦးကို ရာထူးတိုးမြှင့်ပေးနိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် ခုတင်(၅၀) အဆင့်အထိ အထူးကုဆရာဝန်များ ခန့်ထားနိုင်ခြင်းနှင့် သစ်လွင်လက်ထောက်ဆရာဝန်များနှင့် သစ်လွင်သွားနှင့်ခံတွင်းဆရာဝန်များ ထပ်မံခန့်ထားနိုင်ခြင်းကြောင့် ကုသရေးလုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း က ဩဂုတ် ၄ရက် နံနက်ပိုင်းတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ဌာနမှူးများနှင့်တွေ့ဆုံ အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်းများ တိုးတက်စေရေးနှင့် တွေ့ကြုံရသည့် ကျန်းမာရေးဆိုင်ရာပြဿနာများကို လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်သည့် ကျန်းမာရေးစနစ်ဖြစ်စေရေး ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် ပုဂ္ဂလိက ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေးမြင့်မားစေရေးအတွက် ဗဟိုအဖွဲ့အနေဖြင့် စနစ်တကျကြပ်မတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ပြည်သူ့ဆေးရုံများတွင် အခမဲ့ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်စစ်ဆေးမှုများ တိုးမြှင့်လုပ်ဆောင်နိုင်ခြင်း၊ နိုင်ငံတော်ကတိုးမြှင့်ပံ့ပိုးပေးသည့် ကျန်းမာရေးရန်ပုံငွေဖြင့် လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်း၊ ခေတ်မီစက်ကိရိယာပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ခြင်းတို့ကြောင့် လူနာများ၏ စိုက်ထုတ်ကုန်ကျငွေ လျော့နည်းလာသည်ကို ကောက်ခံရရှိသော အချက်အလက်များအရ တွေ့ရှိရကြောင်း၊ ကျန်းမာရေးဝန်ထမ်းများကိုလည်း ပညာရင်ဘွဲ့ ချီးမြှင့်ခြင်း၊ လုပ်အားခများချီးမြှင့်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးနိုင်ခြင်း စသည်ဖြင့် ပံ့ပိုးမှုများဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တွေ့ရှိခဲ့ရသော အားသာချက်များကို အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်ပြီး အားနည်းချက်များကို ပြင်ဆင်ဆောင်ရွက်ကာ စာမျက်နှာသစ်ကို ပိုမိုလှပစေရန်၊ နိုင်ငံတော်၏ရည်မှန်းချက်များ အောင်မြင်စေရန်နှင့် ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုကောင်းမွန်လာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အအုံဖြစ်စေရန် မိမိတို့တစ်ယောက်ချင်းစီက ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးအဆင့်အတန်း ယခုထက် ပိုမိုကောင်းမွန်လာစေရေး၊ ကျန်းမာရေးစောင့်ရှောက်မှု အညွှန်းကိန်း များတိုးတက်လာစေရေး၊ ကျန်းမာရေးဝန်ဆောင်မှု အရည်အသွေး မြင့်မားစေရေးတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသား လိုက်ရပေသည်။

## မိတ္ထီလာမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း အမျိုးသမီးများ ဝင်ငွေတိုးရေးလုပ်ငန်းဖြင့် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းမှ လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)ရှိ လေ့ကျင့်ပျိုးထောင်ရေးစင်တာတွင် ကျင်းပသည်။

အသေးစားကုန်ထုတ်လုပ်ငန်းများဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်း လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းဗိုလ်နှင့် မိတ္ထီလာခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီမှ အဖွဲ့ဝင် ဦးကျော်ဇေယျာတို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်သင်တန်းသူ ၅ ဦးအား လုပ်ငန်းသုံးပစ္စည်းနှင့်ဆုများ အသီးသီးပေးအပ်ခဲ့သည်။ ၎င်းနောက် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူမြင့်က သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ရာ သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ ယင်းနောက် တိုင်းဒေသကြီးဦးစီးမှူးနှင့် တာဝန်ရှိသူများက



သင်တန်းသူများနှင့်အတူ အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကူးခဲ့ကြပြီး သင်တန်းသူများချုပ်ထားသည့် အဝတ်အထည်များအား လိုက်လံကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါပေးအပ်ပွဲကို မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ ဝမ်းတွင်းမြို့နယ် နေပူကုန်းအုပ်စု ဇီးကျင်းကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေးစီမံကိန်း အမျိုးသမီးများ ဝင်ငွေတိုးရေးလုပ်ငန်းဖြင့် ဖွင့်လှစ်သည့် စက်ချုပ်နည်းပညာသင်တန်းမှ ထူးချွန်သည့် သင်တန်းသူ(၅)ဦးအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခဲ့သည်။ **(၄၆၉)**

## အထက(၂၇)တွင် လူငယ်စကားဝိုင်း ကျင်းပ




**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက(၂၇)ရှိ၊ အောင်တံခွန်ခန်းမ၌ လူငယ်စကားဝိုင်းကို ယနေ့နံနက် ၉နာရီခွဲကကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မန္တလေးခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်သန်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားခဲ့သည်။ **(ဝဲပုံ)**

ဆက်လက်၍ အထက(၂၇)မှ ကျောင်းသား၊ ကျောင်းသူများက လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့် Social Media ခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူငယ်နှင့်မူးယစ်ဆေးဝါးခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ရာ တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများကလည်း အသီးသီးအပြန်အလှန် မေးမြန်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ကျောင်းသား၊ကျောင်းသူများက ခင်းကျင်းပြသထားသော သုတ၊ရသ စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ဝင်တစားဖတ်ရှုလေ့လာခဲ့ပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးအလုပ်သမား အသိပညာပေးသတင်းစကား လက်ကမ်းစာစောင်များကို ကျောင်းသား၊ ကျောင်းသူများထံ လက်ဝယ်အရောက် ဖြန့်ဝေဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**ဇင်မင်းမောင်**

## ကျောက်ဆည်မြို့နယ်အတွင်းရှိ သင်းတွဲမြောင်းဘောင်အား ပြန်လည်ပြုပြင်ပေး

**ကျောက်ဆည် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ ဒေသထွက်ကုန်များနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် မိုးတွင်းကာလ သွားလာရန်အခက်အခဲဖြစ်ပေါ်နေသည့် သင်းတွဲမြောင်းဘောင် လမ်းပိုင်းတစ်နေရာအား ရာသီမရွေးသွားလာနိုင်ရေး ပြန်လည်ပြုပြင်ပေးသွားမည်ဖြစ်သည်။

ပြန်လည်ပြုပြင်ပေးသွားမည့် ကွမ်းဆေးမြောင်းဘောင်လမ်းသည် ကျောက်ဆည်မြို့နယ် သာစည်လေးကျေးရွာနှင့် ရဲဘော်လေးကျေးရွာအနီး မြောင်း၏ပေတိုင်အမှတ် ၅၀၀၀၀ မှ ၆၀၀၀၀ ကြား အလျား ၁၀၀၀၀ ပေ၊ လမ်းအကျယ် ၁၂ ပေအား မန္တလေးတိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၁၈၀ အကုန်အကျခံ၍ မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဂျင်းကျောက်မြေခင်းပေးပြီး လမ်းအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

အဆိုပါ မြောင်းဘောင်လမ်းအား အဆင့်မြှင့်တင်ပြီးပါက သာစည်လေးကျေးရွာနှင့် ရဲဘော်လေးကျေးရွာမှ တောင်သူ၏ လယ်ယာထွက်ကုန်များနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် များစွာအဆင်ပြေသွားမည်ဖြစ်သည့်အပြင် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် အခြားဒေသများဖြင့် ကူးလူးဆက်သွယ်ရာ၌ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ ကူးလူးဆက်သွယ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၄၈၅)**

### သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချီရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊ ၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## ယာယီသမ္မတဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

နေပြည်တော် ဩဂုတ် ၅

ယာယီသမ္မတဦးမြင့်ဆွေသည် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ လှုပ်ရှားရာတွင် တုံ့နှေးခြင်းနှင့် အစာအာဟာရစားသုံးနိုင်မှု အားနည်းလာခြင်းတို့ကို စတင်ခံစားခဲ့ရသည့်အတွက် အထူးကုဆရာဝန်ကြီးများပါဝင်သော အထူးဆေးကုသမှုအဖွဲ့မှ ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးစမ်းသပ်စစ်ဆေးချက်များအရ အာရုံကြောများ နှေးကွေးတုံ့ဆိုင်းသည့်ရောဂါ (Parkinson's Disease)၊ ၎င်းနှင့်ဆက်စပ်ဖြစ်ပေါ်သော အာရုံကြောအားနည်းရောဂါတို့အား ခံစားနေရသည်ကို တွေ့ရှိရသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၅ ရက်မှ ၁၉ ရက်အထိ စင်ကာပူနိုင်ငံ Mount Elizabeth Medical Center တွင်လည်းကောင်း၊ မေလ ၂၇ ရက်နေ့မှ ဇွန်လ ၁၈ ရက်နေ့အထိ အမှတ်(၂) တပ်မတော်ဆေးရုံကြီးခုတင် (၁၀၀၀)တွင်လည်းကောင်း ဆေးကုသမှုများခံယူခဲ့ပါသည်။

ဆေးရုံဆင်းပြီးနောက် ယာယီသမ္မတ ဦးမြင့်ဆွေအား ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်သော အထူးဆေးကုသမှုအဖွဲ့ဖြင့် ကျန်းမာရေးစစ်ဆေးကုသမှုများ ဆက်လက်ပြုလုပ်ခဲ့ပါသည်။ ယာယီသမ္မတဦးမြင့်ဆွေ၏ ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာခြင်းမရှိသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့မှစတင်၍ နေအိမ်၌ပင် ဆေးခွင့်ဖြင့် အနားယူ၍ ဆေးကုသမှု ဆက်လက်ခံယူနေခဲ့ပါသည်။

ယာယီသမ္မတ ဦးမြင့်ဆွေ သည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လအတွင်း ကိုယ်အလေးချိန် လျော့ကျခြင်း၊ အစာကောင်းစွာ မစားနိုင်ခြင်း၊ အဖျားတက်ခြင်း၊ ဦးနှောက်နိုးကြားမှု လျော့နည်းလာခြင်းတို့ကြောင့် ဇူလိုင်လ ၂၄ ရက်နေ့တွင် အမှတ်(၂)တပ်မတော် ဆေးရုံကြီး ခုတင်(၁၀၀၀)၌ ထပ်မံဆေးရုံတက်ရောက်ကုသမှုခံယူခဲ့ပါသည်။

ရောဂါစစ်ဆေးချက်များအရ ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိအခြေအနေ၌ အထူးစိုးရိမ်ဖွယ်ရာအခြေအနေဖြစ်သောကြောင့် အမှတ်(၂)တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) အထူးကြပ်မတ်ကုသဆောင်၌ အထူးကြပ်မတ်ကုသမှုခံယူလျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ
အမိန့်အမှတ်၊ ၆ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်
(၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၅ ရက်)

**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ခန့်အပ်ခြင်း**

ယာယီသမ္မတနှင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီတို့အား အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဘက်ပေါင်းစုံမှ လေ့လာသုံးသပ်အကြံပြုနိုင်ရန်အတွက် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁)၊ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းအား အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်
လုံခြုံရေးကောင်စီရုံး

## မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပ

နေပြည်တော် ဩဂုတ် ၅

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအထူးရန်ပုံငွေ(၂၀၂၅) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းလက်ခံလွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ PARKROYAL Hotel ၌ ကျင်းပသည်။




အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ဦးသန်းဆွေ၊ ဒေါက်တာသီတာဦး၊ ဦးတင်ဦးလွင်၊ ဦးမင်းနောင်၊ ဦးခင်မောင်ရီ၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်နှင့် ဒေါက်တာစိုးဝင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျား၊ ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အခြားသော မဲခေါင်နှင့် ဆက်စပ်သော ပူးပေါင်းဆောင်ရွက်မှုယန္တရားများအနက် အအောင်မြင်ဆုံး ယန္တရားတစ်ခုဖြစ်ကြောင်းနှင့် မဲခေါင်မြစ်ဝှမ်းတစ်လျှောက်ရှိ ပြည်သူများအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေရန် ကိုးနှစ်တာကာလအတွင်း အဖွဲ့ဝင်နိုင်ငံများက စီမံကိန်းပေါင်း ၉၈၄ ခုကို ပံ့ပိုးကူညီခဲ့ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသည် ၂၀၁၇ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံသို့ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ယန္တရားအောက်မှ အမေရိကန်ဒေါ်လာ ၃၈ ဒသမ ၃ သန်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံသို့ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃ သန်းခန့်ကို တရားဝင်လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်လှုပ်ခတ်ခဲ့သည့် ဒေသများနှင့် ပြန်လည်ထူထောင်ရေးအစီအစဉ်များအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အရေးပေါ်ကူညီမှုယွမ် ၁ ဒသမ ၁ ဘီလီယံအပါအဝင် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထောက်ပံ့ပေးမှုအပေါ်လည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် အိမ်နီးချင်းကောင်းများနှင့် ယုံကြည်အားထားရသော မိတ်ဖက်များကို ထိန်းသိမ်းထားရေးဟူသည့် အဖွဲ့ဝင်နိုင်ငံအားလုံး၏ ဘုံရည်မှန်းချက်ကို ဖော်ပြလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစပျိုးသည့်နေရာဖြစ်ပြီး ၂၀၁၈ ခုနှစ်မှစတင်၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် စီမံကိန်းစုစုပေါင်း ၁၃၂ ခုရရှိခဲ့ရာ မဲခေါင်နိုင်ငံများအားလုံးတွင် အရေအတွက်အများဆုံးရရှိခြင်းဖြစ်ကြောင်း၊ ယနေ့ လက်မှတ်ရေးထိုးခဲ့သော စီမံကိန်း ၁၄ ခုသည် မြန်မာနိုင်ငံရှိ ကဏ္ဍပေါင်းစုံဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်၍ အထောက်အပံ့ပြုသွားမည်ဖြစ်ကြောင်း။

တရုတ်-မြန်မာ သံတမန်ဆက်ဆံရေး တည်ထောင်ခြင်း (၇၅)နှစ်မြောက် အထိမ်းအမှတ်အနေဖြင့် တရုတ်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအစဉ်နှင့် ကမ္ဘာလုံးဆိုင်ရာ ယဉ်ကျေးမှုအစီအစဉ်တို့ကို အတူတကွ အကောင်အထည်ဖော်ရန်ဆန္ဒရှိကြောင်း၊ မြန်မာနိုင်ငံနှင့်လက်တွဲ၍ နှစ်နိုင်ငံပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကျိုးကျေးဇူးများ ရရှိစေမည့် မျှဝေသော အနာဂတ်နှင့်အတူ တရုတ်-မြန်မာအသိုက်အဝန်းတည်ဆောက်ရေးကို မြှင့်တင်ရန်ဆန္ဒရှိကြောင်း ပြောကြားသည်။

**လက်မှတ်ရေးထိုး**

ထို့နောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၅)ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် စီမံကိန်းများအတွက် ရန်ပုံငွေလွှဲပြောင်းမှုဆိုင်ရာ သဘောတူညီချက်ကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားတို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြသည်။

အဆိုပါသဘောတူညီချက်အရ စီမံကိန်း ၁၄ ခုကို စိုက်ပျိုးရေးနည်းပညာ၊ သိပ္ပံနှင့် နည်းပညာ၊ ယဉ်ကျေးမှုဖလှယ်မှု၊ ဥပဒေဆိုင်ရာပူးပေါင်းဆောင်ရွက်မှု၊ ပတ်ဝန်းကျင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ကုန်သွယ်ရေကြောင်းသွားလာမှု စသည့်နယ်ပယ်များ၌ မြန်မာနိုင်ငံမှ ဝန်ကြီးဌာနကိုးခုက အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်သည် ၂၀၁၄ ခုနှစ်အတွင်း မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် အာဆီယံ-တရုတ်ထိပ်သီးအစည်းအဝေးတွင် တရုတ်ဝန်ကြီးချုပ် Mr. Li Keqiang ၏စတင်အဆိုပြုချက်အရ မဲခေါင်ဒေသအတွင်း ဖွံ့ဖြိုးမှုကွာဟချက်လျော့ချရန်နှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်လျက် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ဖြင့် ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## စစ်တောင်းမြစ်နှင့် သံလွင်မြစ် ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၅

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ လေးပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်သည်။

မိုး/ဇလ

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) နေပြည်တော်၏ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၅

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်သည် ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးဟန်ဝင်းအောင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်နှင့် နေပြည်တော်(ဘဏ်ခွဲ)၏ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ဘဏ်ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့စီးပွားရေးဘဏ် နေပြည်တော်ဘဏ်ခွဲတွင် ဝန်ထမ်းများ ဘဏ်လုပ်ငန်းဆောင်ရွက်နေမှု၊ ဘဏ်သို့လာရောက်သူများ၏ ငွေသွင်း/ငွေထုတ် ဆောင်ရွက်နေမှု၊ ဘဏ်ရုံးချုပ်အဆောက်အအုံနှင့် ဝင်းအတွင်းရှိ ငွေလျင်ဒဏ်သင့်အဆောက်အအုံများကြံ့ခိုင်မှုနှင့် လုံခြုံရေးဆောင်ရွက်ထားမှု၊ ဘဏ်ဝင်းအတွင်း ယာယီဆောက်လုပ်ပေးထားသည့် Modular House များတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘဏ်ဝန်ထမ်းများနှင့်တွေ့ဆုံပြီး မြန်မာ့စီးပွားရေးဘဏ်သည် ပြည်သူများ ယုံကြည်ကိုးစားရသည့် နိုင်ငံပိုင်ဘဏ်ဖြစ်၍ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများကို ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်ရေး၊ ဘဏ်ဝန်ထမ်းများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ဝန်ဆောင်မှုလုပ်ငန်းများအား အဂတိတရားကင်းရှင်းစွာ ဆောင်ရွက်ရေး၊ အပ်ငွေများလက်ခံခြင်းနှင့် ချေးငွေများထုတ်ချေးရာတွင် သတ်မှတ်ထားသော ဘဏ်လုပ်ငန်းစည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျဆောင်ရွက်ရေး၊ ပြည်သူများက ယုံကြည်အားထားရသည့်ဘဏ်ဖြစ်သည့်အားလျော်စွာ Core Banking စနစ် အကောင်အထည်ဖော်ရေးကဲ့သို့သော ခေတ်မီဘဏ်လုပ်ငန်းစနစ်များ ကျင့်သုံးနိုင်အောင် ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် ဘဏ်သို့လာရောက်ဆက်သွယ်ကြသူများအား ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို လွယ်ကူချောမွေ့လျင်မြန်စွာ ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းဖြင့် နိုင်ငံပိုင်ဘဏ်အပေါ် ထားရှိသည့်ပြည်သူများ၏ယုံကြည်မှုကို ပိုမိုမြင့်မားစေရေး၊ ငလျင်ဒဏ်ကြောင့် ဘဏ်အဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ရာတွင် ဘဏ်များ၏ ဥပမိရုပ်ကောင်းမွန်မှုကို ဦးစားပေးဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ဘဏ်စာရင်းများကို ဘဏ်လုပ်ငန်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျရေးသွင်းဆောင်ရွက်ရေးနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘဏ်အဆောက်အအုံများကို ပြန်လည်တည်ဆောက်နိုင်ရေး ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြန်မာ့စီးပွားရေးဘဏ်၊ ဦးဆောင်ညွှန်ကြားရေးမှူးက မြန်မာ့စီးပွားရေးဘဏ်၏လက်ရှိဆောင်ရွက်နေမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘဏ်အဆောက်အအုံများကို ပြန်လည်တည်ဆောက်ရေး၊ ခေတ်မီဘဏ်လုပ်ငန်းစနစ်များဖြင့် ဘဏ်နှင့်ဆက်သွယ်သူ ပြည်သူများအား ဝန်ဆောင်မှုလုပ်ငန်းများ ပိုမိုဖြည့်ဆည်းပေးနိုင်အောင်ဆောင်ရွက်ရေး ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဘဏ်ဝင်းအတွင်း တည်ဆောက်ထားသော ရုံးအဆောက်အအုံများ၊ ဘဏ်ပြတိုက်နှင့် ယာယီဆောက်လုပ်ပေးထားသည့် Modular House များတွင် ဝန်ထမ်းများနေထိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းနှင့် မိသားစုဝင်များ ကူးစက်ရောဂါများ မဖြစ်ပွားစေရေး၊ လျှပ်စစ်မီး၊ သောက်သုံးရေနှင့် မိလ္လာစနစ်များ ကောင်းမွန်ရေး၊ အမှိုက်များကို စနစ်တကျသိမ်းဆည်းစွန့်ပစ်ရေး ကြီးကြပ်ကွပ်ကဲဆောင်ရွက်ရန် မှာကြားသည်။

သတင်းစဉ်

---

※ ရှေ့ဖုံးမှ

စိုက်ပျိုးရေရရှိရေးအတွက် စနစ်တကျ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ယခုနှစ်စိုက်ပျိုးရာသီတွင် အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်းဧရိယာအတွင်း အကျိုးပြုဧရိယာကေပေါင်း ၁၅၀ ရှိသည့်အနက် မိုးစပါး ၇၈ ကေနှင့် အခြားသီးနှံ ၇၂ ကေကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ ကေပေါင်း ၈၈ ကေ စိုက်ပျိုးပြီးစီးသွားပြီဖြစ်ကြောင်း၊ ထို့အပြင် လျှပ်စစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာသုံးခုအတွင်း လျာထားကေပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်စေရေး သက်ဆိုင်ရာဌာနများ၊ ဒေသခံတောင်သူများနှင့်အတူ ပူးပေါင်းပြီး ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ်တာဝန်ခံအရာရှိ ဦးစိုးညွန့်လင်းက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ အောင်ပင်လယ်လျှပ်စစ်ရေတင်လုပ်ငန်း၊ ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်းနှင့် ကမ်းနီလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဟူ၍ စီမံကိန်းလုပ်ငန်းပေါင်းသုံးခုရှိပြီး အဆိုပါစီမံကိန်းလုပ်ငန်းများတွင် အကျိုးပြုဧရိယာပေါင်း ၁၆၆၂ ကေရှိသည့်အနက် ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ၁၀၀၆ ကေနှင့် အခြားသီးနှံ ၆၅၆ ကေကို လျာထားစိုက်ပျိုးလျက်ရှိရာ ယနေ့အထိ မိုးစပါးကေပေါင်း ၃၇၂ ကေအထိ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ အဆိုပါ သီးနှံစိုက်တောင်သူများအတွက် သီးနှံစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုးရေများ လုံလောက်စွာ ဖြန့်ဝေဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

---

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဩဂုတ် ၅

**မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေမှာ** နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

---

## နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဩဂုတ် ၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါး ပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ဇူလိုင် ၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့် အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက် ပေးလျက်ရှိရာ နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်း ၂၅ ကျောင်းပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင်လည်း ကျောင်းသား ကျောင်းသူ ၃၆၉ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား ကျောင်းသူ ၄၀၁၄ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ဒေသခံတိုင်းရင်းသားပြည်သူများအားလိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၅၉ ဦး၊ စုစုပေါင်း ၁၀၈ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေ ရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဝက်သက်ရောဂါ၊ တုပ်ကွေးရောဂါတို့နှင့် ပတ်သက်၍ကာကွယ်ဆေးထိုးရန် လိုအပ်သည့် လူနာ ၂၅ ဦးတို့ကို ကာကွယ်ဆေး ထိုးနှံပေးသည်။

ယင်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၆ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

---

ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍
အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့။

## ပြင်ဆင်ဖြည့်စွက် ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် မန္တလေးသတင်းစာ ရှေ့ဖုံးပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်- မန္တလေး အမြန်လမ်းမကြီးတစ်လျှောက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးသည့်သတင်း၌ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်နေရာ၌ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတစ်လျှောက်ရှိ **လမ်းနယ် ပေ ၄၀၀ အတွင်း** အမြဲစိမ်းသစ်ပင်များစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းနယ်အတွင်း လေကာပင်များကို **လမ်းနယ်အတွင်း ၁၀ ပေခြား၍** ၂ တန်း (သို့မဟုတ်) ၃ တန်း စိုက်ပျိုးသွားရန်လိုကြောင်း၊ အလားတူ လမ်းဘေးဝဲယာရှိ သစ်တောကြိုးဝိုင်းကြိုပြင်တောများနှင့် **မြေလွတ်မြေရိုင်းနေရာများတွင်**လည်း ယခုနှစ် မိုးရာသီအတွင်း သစ်ပင်များစိုက်ပျိုးသွားရန်နှင့် ၅ ဧက/၁၀ ဧကခန့်ရှိသော သစ်တောငယ်များ ထူထောင်စိုက်ပျိုးသွားရန်လိုကြောင်းဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

## ဖြည့်စွက် ဖတ်ရှုပေးနိုင်ပါရန်

ဩဂုတ် ၅ ရက်နေ့ထုတ် မန္တလေးသတင်းစာ စာမျက်နှာ ၄ ပါ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗိုလ်ချုပ်အောင်ဆန်းပြတိုက်(ရန်ကုန်)နှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်တို့သို့သွားရောက်၍ ပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေးသည့်သတင်းတွင်ပါရှိသည့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်စာသား၌ **ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား ပွင့်လင်းရာသီရောက်ရှိပါကပြည်တွင်း၊ ပြည်ပခရီးသွားများ အဆင့်မီမီလာရောက်လေ့လာနိုင်ရေး အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းများကိုဆောင်ရွက်သွားရန်လိုကြောင်းဖြင့်** မှာကြားမှုနှင့် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၌ ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မှာကြားသည့်စာသား၌ **ရန်ကုန်မြို့ရှိ ကိုလိုနီခေတ် ရှေးဟောင်းအဆောက်အဦများကိုလည်း ပြည်တွင်း၊ ပြည်ပခရီးသွားများကို ဆွဲဆောင်နိုင်သည့်နေရာများဖြစ်စေရေးအတွက် ရှေးမူလလက်ရာများအတိုင်း ပြန်လည်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအား ဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့်** လမ်းညွှန်မှာကြားခဲ့သည်ကို ဖြည့်စွက်ဖတ်ရှုပေးနိုင်ပါရန်။

# ဝဇီရာရုပ်ရှင်ရုံအဆင့်မြှင့်တင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

## ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းသွားမည်

နေပြည်တော် ဩဂုတ် ၅

ရန်ကုန်မြို့ရှိ ဝဇီရာရုပ်ရှင်ရုံ အဆင့်မြှင့်တင်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးညီညီ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဗိသုကာကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အွန်လိုင်းမှ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဝဇီရာရုပ်ရှင်ရုံ၏ မူလအမည်သည် အိတ်ဆယ်စီယာ(Excelsior)ဖြစ်ပြီး ဂျပန်ခေတ်တွင် "ရန်ကုန်ရုပ်ရှင်ရုံ"ဟု အမည်ပြောင်းလဲပြသခဲ့ပါကြောင်း၊ ၁၉၆၈ ခုနှစ်တွင် ပြည်သူပိုင်သိမ်းပြီး ဝဇီရာရုပ်ရှင်ရုံ အမည်ဖြစ်လာခဲ့ပါကြောင်း၊ ဝဇီရာရုပ်ရုံ၏ မူလဗိသုကာလက်ရာသည် ၁၆ ရာစုမှ ၁၈ ရာစုအတွင်းရှိ ပြင်သစ်ဗိသုကာအသွင်အပြင်များ ပေါင်းစပ်ထားသည့် Beaux Arts ဗိသုကာလက်ရာ ပုံစံဖြစ်ပြီး ရုပ်လုံးရုပ်ကြွများဖြင့် တန်ဆာဆင်ထားပါကြောင်း။

ယခု ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီဂုဏ်ပြုခံကဇာတ်ရုံ(Red Carpet Theatre) အဖြစ် အဆင့်မြှင့်တင် ပြင်ဆင်ထိန်းသိမ်းသွားမည်ဖြစ်ပါကြောင်း၊ ဝဇီရာရုပ်ရှင်ရုံကို အဆင့်မြှင့်တင်ရာတွင် မူလဗိသုကာပုံစံမပျက် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ခမ်းနားထည်ဝါရန်လည်း လိုအပ်ပါကြောင်း၊ လေအေးပေးစနစ်၊ မီးစနစ်၊ ပြသမှုစနစ်များကိုခေတ်မီအောင်ဆောင်ရွက်ပြီး မူလဒီဇိုင်းကို ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ပုံရိပ်ကိုပြသမည့် အဆောက်အအုံဖြစ်သည့်အတွက် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဝဇီရာရုပ်ရှင်ရုံကို ရုပ်ရှင်ရုံသာမက ပြဇာတ်၊ ဇာတ်သဘင်၊ ရုပ်သေး၊ အက၊ ဂီတပွဲ၊ ဆွေးနွေးပွဲ၊ အစည်းအဝေးများ၊ သင်တန်းကျောင်း၊ စတူဒီယိုနှင့် အနုပညာဖန်တီးနိုင်သည့်နေရာအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာရုပ်ရှင်ပွဲတော်များ၊ ရုပ်ရှင်နှင့်ပတ်သက်သည့် အမှတ်တရပွဲများ၊ Memory Film Festival ကဲ့သို့ ပွဲတော်များလည်း ကျင်းပနိုင်မည်ဖြစ်သည့်အတွက် အဆင့်မြှင့်တင်ရာတွင် အားလုံးဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီရုပ်ရှင်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်ရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဝဇီရာရုပ်ရှင်ရုံ၏နောက်ခံသမိုင်းကြောင်း၊ ဗိသုကာဆိုင်ရာထူးခြားမှု၊ ဝဇီရာဂုဏ်ပြုခံကဇာတ်ရုံတွင် ဆောင်ရွက်မည့်လုပ်ငန်းများ၊ အကောင်အထည်ဖော်မည့်လုပ်ငန်းစဉ်များနှင့် ရရှိလာနိုင်မည့် အကျိုးရလဒ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက ဝဇီရာရုပ်ရှင်ရုံကို နိုင်ငံတကာအဆင့်မီ ဂုဏ်ပြုခံကဇာတ်ရုံအဖြစ် အဆင့်မြှင့်တင်နိုင်ရေးအတွက် လိုအပ်သည့် အဆောက်အအုံပြုပြင်မွမ်းမံခြင်း၊ ဗိသုကာဆိုင်ရာနည်းပညာများ၊ အသံစနစ်ပိုင်းဆိုင်ရာပြုပြင်မှု၊ ရုပ်ရှင်ပြသမှုစနစ်၊ ပြဇာတ်အဆင်အပြင်၊ အဆင့်မြင့်ထိုင်ခုံများလဲလှယ်ခြင်း၊ ယာဉ်ရပ်နားရန်နေရာများ၊ လူသွားစင်္ကြံများ စနစ်တကျဖြစ်စေရေး စသည်တို့နှင့်စပ်လျဉ်း၍ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပခုက္ကူစာပေဆုများ ထုတ်ပြန်ကြေညာ
## တစ်သက်တာစာပေဆုကိုဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)ရရှိ

ရန်ကုန် ဩဂုတ် ၅

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုကို နှစ်စဉ်ချီးမြှင့်လျက်ရှိရာ (၃၁)ကြိမ်မြောက်အတွက် ပခုက္ကူစာပေဆုရရှိသူများ၏အမည်စာရင်းကို ပခုက္ကူစာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီက ယနေ့ထုတ်ပြန်ကြေညာခဲ့ရာ ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုကို ဆရာမကြီး ဒေါက်တာခင်သန်းဦး(မမိုးမြေ)ရရှိသည်။

ဝတ္ထုရှည်ဆုတွင် ဒုတိယဆုကို မောင်နေခြည်(ပြည်) ရေးသားသည့် "ကိုယ်ချင်းစာနိုင်ကြပါစေ" စာမူကလည်းကောင်း၊ ဝတ္ထုတိုပေါင်းချုပ်ဆုတွင် ပထမဆုကို ညိမ်းညိုရေးသားသည့် "မခန်းသောမြစ်နှင့် အခြားဝတ္ထုတိုများ"၊ ဒုတိယဆုကို သက်ဦးခင်ရေးသားသည့် "အရဏ်ဦးမှာ ကြည်နူးစွာနှင့် အခြားဝတ္ထုတိုများ"၊ တတိယဆုကို မေလတ်ဟန်ရေးသားသည့် "ကျောင်းဆရာမလေးဖြစ်ချင်တယ်နှင့် အခြားဝတ္ထုတိုများ" စာမူတို့ကလည်းကောင်း၊ ကဗျာပေါင်းချုပ်ဆုတွင် ပထမဆုကို နေခြည်မောင်(မြောင်းမြ)ရေးသားသည့် "နေခြည်ဝင်းပအလင်းတစ်စ အလှကဗျာများ"၊ ဒုတိယဆုကို ရှိန်မြင့်ထက်(ဝါးကြီးအိုင့်)ရေးသားသည့် "နံနက်ခင်းရဲ့ ပန်းလက်ဆောင်ကဗျာများ"၊ တတိယဆုကို ကိုကိုလေးပြည့် ရေးသားသည့် "ကောက်စိုက်သမ ကွမ်းတောင်ကိုင်နှင့် အခြားကဗျာများ" စာမူတို့ကလည်းကောင်း၊ ကျမ်းစာပေဆုတွင် ဒုတိယဆုကို ခင်ဇ(စက်မှု)ရေးသားသည့် "ခေတ်ဟောင်း မြန်မာ့တေးဂီတအနုပညာဖြင့် တိုင်းပြည်ကိုအလှဆင်ခဲ့ကြသူများ"၊ တတိယဆုကို ဦးဝင်းမြင့်မောင် (လင်းအရုဏ်ဦး)ရေးသားသည့် "ပလ္လင်ရုစ်ခန်း ရွှေနန်းကိုးဆောင်" စာမူတို့ကလည်းကောင်း၊ သုတေသနစာပေဆုတွင် ပထမဆုကို အောင်ကြည်ညွန့်(တက္ကသိုလ်)ရေးသားသည့် "မြန်မာနိုင်ငံ၏ လူထုပညာရေးကြိုးပမ်းဆောင်ရွက်မှုသမိုင်းကို လေ့လာတင်ပြခြင်း (၁၉၄၈-၂၀၀၂)"၊ ဒုတိယဆုကို မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)ရေးသားသည့် "မြန်မာ့ထင်ရှားကျော်ကြား ပုဂံဥမင်များ"၊ တတိယဆုကို ငွေးကျော်(မဟာဝိဇ္ဇာ)ရေးသားသည့် "နှစ်(၁၀၀)ပြည့်ထောက်ကြံ့အမျိုးသားကျောင်းသမိုင်း(၁၉၂၅-၂၀၂၅)" စာမူတို့ကလည်းကောင်းရရှိကြသည်။

(၃၁)ကြိမ်မြောက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက်စာအုပ်ဆုကို နန္ဒာမွန်းရေးသားသည့် "သတင်းစာထဲကဆောင်းပါးများ ဆောင်းပါးထဲကသတင်းများ"စာအုပ်နှင့် ဦးခွန်မောင်တုတ်ရေးသားသည့် "ပအိုဝ်းအမျိုးသားခေါင်းဆောင် ဦးအောင်ခမ်းထီ၏ နိုင်ငံရေးခရီး" စာအုပ်တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူပညာသင်ဆုကို အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)မှ မောင်သုခန့်အောင် (ပထမနှစ်-ဂီတပညာဌာန)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ မစောပြည့်ပြည့်ထွန်း(ပထမနှစ်-ဂီတပညာဌာန)တို့က ရရှိကြသည်။

ပခုက္ကူဦးအုံးဖေတစ်သက်တာဆုကို ယခင် ၁၀ သိန်းချီးမြှင့်ရာမှ ယခုနှစ်တွင် ၁၅ သိန်းတိုးမြှင့်ချီးမြှင့်မည်ဖြစ်ပြီး ပခုက္ကူဦးအုံးဖေစာမူဆု ပထမဆုကို ယခင် ခုနစ်သိန်းမှ ယခု ၁၀ သိန်း၊ ဒုတိယဆုကို ယခင် ငါးသိန်းမှ ယခု ခုနစ်သိန်း၊ တတိယဆုကို ယခင် လေးသိန်းမှယခုငါးသိန်း အသီးသီးတိုးမြှင့်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ပခုက္ကူစာပေဆု ဆုရရှိသူများသည် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ်(၅၂၉-၅၃၁) ကုန်သည်လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ စာတည်းမှူးချုပ် ၀၁-၈၃၈၁၄၅၀ နှင့် စီမံရေးရာဌာန ၀၁-၈၃၈၁၄၄၉ သို့ ဆက်သွယ်ကြရန်နှင့် ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆုချီးမြှင့်ပွဲအခမ်းအနားတွင် စာကြည့်တိုက်စာအုပ်ဆုပါ ချီးမြှင့်သွားမည်ဖြစ်ပြီး ကျင်းပမည့်အချိန်၊ နေရာ၊ ရက်တို့ကို ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်







**မန္တလေး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် အဓိကသီးနှံ ပန်းတိုင်အထွက်နှုန်းရရှိရေး တွေ့ဆုံပွဲ၊ လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)များပေးအပ်ပွဲနှင့် ကွင်းသရုပ်ပြသပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ တောင်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် စားရေရိက္ခာဖူလုံရေးနှင့် ဒေသဖွံ့ဖြိုးရေးတိုးတက်ရေးတို့တွင် အသိပညာ၊ အတတ်ပညာ ကျွမ်းကျင်သည့် လူ့စွမ်းအားအရင်းအမြစ်များစွာ လိုအပ်ပါကြောင်း၊ သင်ကြားတတ်မြောက်ထားသည့် ပညာရပ်များ၊ ခေတ်မီစိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာများကို ပြန်လည်ဆင့်ပွား ပညာပေးခြင်းများအား အကျိုးရှိ ထိရောက်အောင်မြင်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ပန်းတိုင်အထွက်နှုန်းရရှိစေရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ စပါးစိုက်ပျိုးရာတွင် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)ကို အသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် အလုပ်သမားလိုအပ်ချက် လျှော့နည်းခြင်း၊ လုပ်ငန်းပြီးစီးမှု မြန်ဆန်ပြီး အချိန်ကုန်သက်သာခြင်း၊ မျိုးစေ့ကုန်ကျမှု သက်သာပြီး စိုက်ပျိုးစရိတ်လျှော့ချနိုင်ခြင်း၊ အပင်ပေါက်နှုန်းကောင်းမွန်စေခြင်း၊ (ပင်ကြား၊တန်းကြား) ညီညာစွာ စိုက်ပျိုးထားခြင်းဖြင့် ကြားပေါင်းလိုက်ရန်လွယ်ကူခြင်းနှင့် အပင်လေဝင်၊လေထွက်ကောင်းမွန်ခြင်းတို့ကြောင့် သီးနှံဖြစ်ထွန်းမှု ပိုမိုအားကောင်းပြီး အထွက်နှုန်းပြည့်မီရေးတွင် အကျိုးကျေးဇူးများစွာ ရရှိလာမည်ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးအတွင်း ယခုနှစ် မိုးစပါးရာသီတွင် မျိုးစေ့ချကိရိယာ တစ်လက်နှုန်းဖြင့် မျိုးစေ့ချကိရိယာ စုစုပေါင်း (၇၃၄၆)လက်ကို ကျောက်ဆည်မြို့ အင်းကုန်းဒေသရှိ စက်မှုလယ်ယာဦးစီးဌာန၊ မြန်မာ့လယ်ယာသုံး စက်ကိရိယာစက်ရုံတွင် မှာယူထားပြီးဖြစ်ပါကြောင်း၊ ယနေ့ပေးအပ်သည့် မျိုးစေ့ချကိရိယာများမှာ စက်ရုံက ပထမအကြိမ် ထုတ်လုပ်သည့် (၁၅၀၀)လက်မှ အလက်(၁၀၀)လက်ကို ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်ရှိ တောင်သူများထံ ကနဦး ဖြန့်ဝေပေးအပ်ခြင်း ဖြစ်ပါကြောင်း၊ လိုအပ်သည့် တောင်သူများထံသို့လည်း ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ခေတ်စနစ်နှင့်အညီ အသွင်ကူးပြောင်းလုပ်ကိုင်ခြင်းများတွင် ယုံကြည်မှုအပြည့်ဖြင့် စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာခြင်း၊ မျိုး၊ မြေ၊ ရေ၊ နည်းများကို စနစ်တကျ အသုံးပြုလာခြင်းတို့ဖြင့် စိုက်ဧကများ အထွက်နှုန်းတိုးကာ ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီလာမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ ကျောင်းအုပ်ကြီးက စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ(ပုသိမ်ကြီး)၏ သမိုင်းကြောင်း၊ သင်ကြားရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက မျိုးစေ့ချကိရိယာ(Drum Seeder)များနှင့် သစ်စိမ်းမြေဩဇာ၊ ပိုက်ဆံလျှော်(မျိုးစေ့)အိတ်များကို ပုသိမ်ကြီးမြို့နယ်နှင့် မတ္တရာမြို့နယ်ရှိ တောင်သူများထံသို့လည်းကောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပုသိမ်ကြီး)ကျောင်းအတွက် MRTV DTH ၊ MRTV DVB T-2 Set Top Box နှင့် ၅၀ လက်မ Smart TV ၊ အားကစားပစ္စည်းများကို ကျောင်းအုပ်ကြီးနှင့် ကျောင်းသား၊ကျောင်းသူများထံသို့လည်းကောင်း ပေးအပ်ခဲ့ပြီး တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းနှီးစွာ နှုတ်ဆက်အားပေးစကားများပြောကြားခဲ့ကြောင်း၊ မျိုးစေ့ချကိရိယာ (Drum Seeder)ဖြင့် မိုးစပါးစိုက်ပျိုးမှု ကွင်းသရုပ်ပြသနေမှုများကို သဘာဝမြေဆွေးပုံ(Bocashi) ပြုလုပ်ပုံအဆင့်ဆင့်၊ သဘာဝမြေဆွေး(၃)ဆနှင့် မြေဩဇာယူရီးယား(၁)ဆ ရောစပ်၍ စပါးစိုက်ခင်းအတွင်း ကြဲပက်ခြင်းတို့ကို ကြည့်ရှုအားပေးပြီး ကျောင်းအတွက် မျိုးစေ့ချကိရိယာ (Drum Seeder)ကို ကျောင်းအုပ်ကြီးထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ ဥယျာဉ်ပရိယတ္တိကျောင်း ပဓာနနာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တဇောတိကအား သွားရောက်ဖူးမြော်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒများ ခံယူခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

ဝ–ဝ–ဝ–ဝ–ဝ

ဝ–ဝ–ဝ












သတင်း-စာမျက်နှာ ၆





















သတင်း-စာမျက်နှာ ၆















## တံတားဦးမြို့နယ် သူငယ်တော်ကျေးရွာတွင် မိုးသီးနှံ ပဲမြစ်ခင်းများ အောင်မြင်ဖြစ်ထွန်း

**တံတားဦး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ သူငယ်တော်ကျေးရွာတွင် မိုးသီးနှံဖြစ်သော ပဲမြစ်စိုက်ခင်းများ အောင်မြင်ထွန်းလျက်ရှိကြောင်း သိရသည်။

ပဲမြစ်စိုက်ပျိုးရန်အတွက် မြေကို ထယ်ရေးနက်နက်ထွန်ယက်ပြီး ညီညာပြန့်ပြူးအောင်ပြုပြင်ပေးရပါကြောင်း၊ ဒါ့အပြင် သန့်ရှင်းအောင် ဆောင်ရွက်ပေးပြီး ထွန်ဖြင့် လေးကွက်ချ တစ်ကြောင်းပေးရပါကြောင်း၊ စိုက်ပျိုးချိန်မှာဆိုရင် တစ်ချို့သော တောင်သူများသည် မိုးဦးကျချိန်တွင်လည်းကောင်း ၊ တစ်ချို့သော တောင်သူများသည် အခြောက်ချ၍ မိုးရွာသည်နှင့် အပင်ပေါက်လာပါကြောင်း၊ ပဲမြစ်အစေ့(၁၆)ပြည်တစ်တင်းလျှင် ငွေကျပ် ၁၇၃၀၀၀ ပေးဝယ်ရပါကြောင်း၊ ပဲမြစ်အပင်ပေါက်ပြီး တစ်လကြာလျှင် ပေါင်းမြက်ရှင်းပေးရပါကြောင်း၊ ဒါ့အပြင် ရေလိုအပ်လျှင် ရေသွင်းပြီး ပုလဲဓာတ်မြေဩဇာ ကြဲပတ်ပေးရကြောင်း၊ ပဲမြစ်ကို တန်ဆောင်မုန်းလဆန်းပိုင်းမှ စတင်တူးဖော်ရပါကြောင်း၊ ပေါ်ဦးပေါ်ဖျားတွင် ပဲမြစ်တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ကျော်ဖြင့် ရောင်းချရပါကြောင်း၊ တစ်ချို့သောတောင်သူများသည် မိမိတို့က တူးဖော်၍ ရောင်းချခြင်းရှိသလို၊ တစ်ချို့သောတောင်သူများသည် ပွဲစားများကို တစ်ဧကလျှင် ငွေကျပ်သိန်း ၂၀ ကျော်ဖြင့် ရောင်းချကြောင်း ပဲမြစ်စိုက်တောင်သူဦးပေါသိန်းထံမှ သိရသည် ။

ပဲမြစ်သည် တောင်သူများအတွက် ဝင်ငွေရရှိသလို၊ တိရစ္ဆာန်များအတွက် နွားစာများရရှိကြောင်း၊ ပဲမြစ်စိုက်ပျိုးခြင်းဖြင့် တောင်သူများအတွက် ဝင်ငွေကောင်းရရှိပြီး အကျိုးအမြတ်ရရှိခြင်းကြောင့် စိုက်ပျိုးကြသည်။ တံတားဦးမြို့နယ်အနေဖြင့် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် ပဲမြစ်စိုက်ပျိုးရန် (၂၁၄၅)ဧက လျာထားပြီး ယခုအခါ ရာနှုန်းကျော်စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် ယခုအခါ အဆိုပါ ပဲမြစ်သည် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(ယာပုံ)

ဦးရဲတင့်(ပြန်/ဆက်)

## ခရိုင်အဆင့်စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ညောင်ဦး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင်၊ ခရိုင်အဆင့် စိုက်ပျိုးရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပသည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ညောင်ဦးခရိုင် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မင်းညိုက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ညောင်ဦးမြို့နယ် စိုက်ပျိုးညှိနှိုင်းရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းလှိုင်တင့်က ၂၀၂၅-၂၀၂၆ ခုနှစ် ပန်းတိုင်အထွက်နှုန်းရရှိနိုင်ရေး လျာထားဆောင်ရွက်မှုအခြေအနေတို့အား ကွင်းအလိုက် သီးနှံစိုက်ပျိုးထားရှိသည့်တို့အား Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ဆက်လက်၍ ကျောက်ပန်းတောင်းမြို့နယ် စိုက်ပျိုးရေးညှိနှိုင်းအဖွဲ့ဥက္ကဋ္ဌ ဦးသန်းလွင်က ကျောက်ပန်းတောင်းမြို့နယ်အတွင်း ကွင်းအလိုက် ကြက်မောက်တောင် ရေလှောင်တမံရေပေးဝေခြင်းဖြင့် စိုက်ပျိုးထားရှိသည့် စိုက်ပျိုးသီးနှံများအလိုက် Power Point ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ခရိုင်အဆင့်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက မိမိတို့ကဏ္ဍအလိုက် ဆွေးနွေးတင်ပြဆွေးနွေးခဲ့ကြကြောင်း သိရသည်။



(၄၈၁)

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် မန္တလေးမြို့အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်












**မန္တလေး ဩဂုတ် ၅**

မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက ချမ်းမြသာစည်မြို့နယ် ၁၀၂(A)လမ်း၊ ၆၄လမ်းနှင့် ၆၅ လမ်းကြားရှိ အဆိုပါ ရုံးသစ်တွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E. Mr. Abhay Thakur နှင့် ဇနီး၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးနှင့် မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆီမီးထွန်းညှိ၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ် H.E. Mr.Sundeep Kaushal က ကြိုဆိုနှုတ်ခွန်းဆက်စကားကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ရုံးဖွင့်ပွဲအထိမ်းအမှတ် စကားကိုလည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur က အမှာစကားကို လည်းကောင်း ပြောကြားခဲ့ကြသည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး၊ မန္တလေးမြို့ အခြေစိုက် အိန္ဒိယကောင်စစ်ဝန်ချုပ်နှင့် တာဝန်ရှိသူများက အိန္ဒိယကောင်စစ်ဝန်ချုပ်ရုံးသစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး၍ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးပြီးနောက် မဟတ္တမဂန္ဒီရုပ်တုအား ပန်းများဖြင့် ဂါရဝပြုပြီး ရုံးသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













# ထိုင်းဘုရင့်လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များနှင့် ဖျော်ဖြေရေးအဖွဲ့များ မြန်မာနိုင်ငံသို့လာရောက်





**နေပြည်တော် ဩဂုတ် ၅**

ထိုင်းဘုရင့် လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေး အဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် နံနက်ပိုင်းတွင် ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ရောက်ရှိကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းဘုရင့်လေတပ်စစ်သံမှူးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့များကို မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ တပ်မတော်(လေ)မှ တာဝန်ရှိသူများက အုပ်သမိုင်းအကျဉ်းကို ရှင်းလင်းပြသကာ အုပ်မှူးများအချင်းချင်း အထိမ်းအမှတ်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

ထိုင်းဘုရင့်လေတပ်မှ ဖျော်ဖြေရေးအဖွဲ့ဝင်များသည် ဩဂုတ် ၄ ရက် ညနေပိုင်းတွင် မိတ္ထီလာမြို့ လေကြောင်းအတတ်သင် လေတပ်စခန်းဌာနချုပ်ရှိ သူရအုန်းခိုင်ခန်းမ၌ ဖျော်ဖြေတင်ဆက်မှုများ ပြုလုပ်ကြရာ တပ်မတော်(လေ)မှ စစ်ဦးစီးအရာရှိချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး ဇော်ဝင်းမြင့်နှင့် အဖွဲ့ဝင်များ၊ လေတပ်စခန်းဌာနချုပ်မှူးများ၊ အရာရှိ စစ်သည်များ၊ မိသားစုများ တက်ရောက်ကြည့်ရှု အားပေးကြသည်။ ထို့နောက် စစ်ဦးစီးအရာရှိချုပ်(လေ)က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်ပန်းခြင်းကို ပေးအပ်ချီးမြှင့်ကာ အမှတ်တရ စုပေါင်းဓာတ်ပုံများ ရိုက်ကြပြီး ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါအဖွဲ့များသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရွှေတိဂုံစေတီတော်မြတ်ကြီး၊ ဗိုလ်တထောင်ဘုရားနှင့်ကမ္ဘာအေးစေတီတော်သို့သွားရောက်ဖူးမြော်ကြည်ညိုခဲ့ကြပြီး ရန်ကုန်မြို့ရှိ Time City၊ ဗိုလ်ချုပ်အောင်ဆန်းဈေး၊ Junction City နှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ် ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

ထိုင်းဘုရင့် လေတပ်မှ အုပ်အဆင့် အပြန်အလှန်လေ့လာရေးအဖွဲ့ဝင်များနှင့် ဖျော်ဖြေရေး အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ ထိုင်းနိုင်ငံသို့ ထိုင်းဘုရင့်လေတပ်မှ လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ တပ်မတော်(လေ)မှ တာဝန်ရှိသူများက မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တောင်သူများအား မိုးရာသီ သီးနှံစိုက်ပျိုးစရိတ် ချေးငွေများ ဆက်လက်ထုတ်ချေး

**ဆင်ပေါင်ဝဲ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူများအတွက် ၂၀၂၅ ခုနှစ် မိုးရာသီသီးနှံစိုက်ပျိုးထုတ်လုပ်မှုအတွက် စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁ နာရီက ထုတ်ချေးပေးခဲ့သည်။

ရှေးဦးစွာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးစန်းသော်က မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေကို ကျေးရွာအုပ်စုအလိုက် စပါး တစ်ဧက ငွေကျပ် တစ်သိန်းငါးသောင်းနှုန်း၊ နှမ်း တစ်ဧက ငွေကျပ် တစ်သိန်းနှုန်းတို့ကို အတိုးနှုန်း ငါးရာခိုင်နှုန်းဖြင့် ထုတ်ချေးမှာဖြစ်ပြီး လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ရှိသည့် တောင်သူများကို ထုတ်ချေးပေးသွားမှာဖြစ်ကြောင်း၊ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေထုတ်ချေးသော ကျေးရွာတောင်သူများကို သီးနှံအာမခံထားရှိရေး၊ စည်းရုံးရှင်းလင်းခြင်းနှင့် ကျေးရွာတောင်သူများကို ချေးငွေထုတ်ချေးသည့် စာချုပ်ပါ စည်းကမ်းချက်များအား ရှင်းလင်းပြောကြားခဲ့သည်။

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးရာတွင် ယခင်အုပ်စု စိုက်ပျိုးစရိတ်ချေးငွေများ ပြေကျေစွာပေးဆပ်ပြီးသူများကို ထုတ်ချေးပေးခြင်းဖြစ်ပြီး မကြီးကုန်းကျေးရွာအုပ်စုနှင့် စည်တိုင်းကျေးရွာအုပ်စုမှ တောင်သူ ၆၃ ဦး၏ အခြားသီးနှံဧက ၂၅၀ ဧက၊ စပါး ၄၅ဧကအတွက် ချေး ငွေကျပ် ၃၁၇ ဒသမ ၅၀) သိန်းကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

ခန့်ဝင်း(ဆင်ပေါင်ဝဲ)

၀-၀-၀-၀-၀





# ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်၍ ဆေးစိမ်ခြင်ထောင်များအခမဲ့ဖြန့်ဝေ

**နမ့်စန် ဩဂုတ် ၅**

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်မြို့နယ်၊ လွိုင်လကျေးရွာတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နေ့လယ်ပိုင်းက အဆိုပါ ကျေးရွာဘုန်းကြီးကျောင်းတွင် သက်ဆိုင်ရာ တာဝန်ရှိသူများ ပါဝင်သော ပူးပေါင်းအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမျိုးထွန်းက ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ဒေသလိုအပ်ချက်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှု ကွင်းဆင်းဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်က ဒေသတွင်းအဖြစ်များသည့် ရောဂါများနှင့်ပတ်သက်၍ ကျန်းမာရေး အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းခိုင်နှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ကျေးရွာသူ၊ ကျေးရွာသားများကို ငှက်ဖျားရောဂါပိုး သွေးဖောက်စစ်ဆေးပေးခြင်း၊ ငှက်ဖျားရောဂါပိုးတွေ့သူများကို ဆေးကုသပေးခြင်းနှင့် အထွေထွေရောဂါများကို ကုသပေးခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများကို ငှက်ဖျားရောဂါနှင့် သွေးလွန်တုပ်ကွေးရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆေးစိမ်ခြင်ထောင် စုစုပေါင်း အလုံး ၁၀၀ ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မိတ္ထီလာခရိုင်လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**မိတ္ထီလာ ဩဂုတ် ၅**

မိတ္ထီလာခရိုင်၏ လူမှုစီးပွားဘဝစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီက ပန်းလေပြေ(ဝန်ဇင်း)ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲအတွင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ဦးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြသန္တာနှင့် မိတ္ထီလာတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ နေအောင်တို့က အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် လက်ရှိမြေအသုံးချမှု၊ အသက်အရွယ်အပိုင်းအခြားအလိုက် လူဦးရေများ၊ ပညာရေးနှင့်လူ့စွမ်းအားအရင်းအမြစ်များ၊ လမ်းပန်းဆက်သွယ်ရေး၊ ကျေးလက်နေလူမှုဘဝအခြေအနေနှင့် ကျေးလက်လမ်းပန်းဆက်သွယ်ရေး၊ ကုန်စည်စီးဆင်းမှု အခြေအနေနှင့် ကုန်စည်ဒိုင်များ၏ အနာဂတ်အလားအလာအပါအဝင် မိတ္ထီလာခရိုင် လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ် (၁၃)ခုကို အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မိတ္ထီလာစီးပွားရေးတက္ကသိုလ်နှင့်မိတ္ထီလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ (ဌာနမှူးများ)၊ ပါမောက္ခများက အဖွဲ့များခွဲ၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။


(အောက်ပုံ)

(၄၅၃)



စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။

# နိုင်ငံတကာ အားကစား သတင်းများ



## နည်းပြ ရိုဂိစ်လီဘရစ် ဆန်းဒါးလန်းအသင်းနှင့် ကာလရှည် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**လန်ဒန် ဩဂုတ် ၅**

ဆန်းဒါးလန်းအသင်းသည် အသင်းနည်းပြ ရီဂီစ်လီဘရစ်အား ကာလရှည်သက်တမ်းတိုးစာချုပ် တစ်ရပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နည်းပြသည် ဆန်းဒါးလန်းအသင်းကို ပရီးမီးယားလိဂ်သို့ တန်းတက်နိုင်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြ ရီဂီစ်လီဘရစ် ဆန်းဒါးလန်းအသင်းအား ၂၀၂၄ခုနှစ် ဇူလိုင် ၁ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၅၁ပွဲတွင်၊ ၂၃ပွဲနိုင်၊ ၁၄ပွဲသရေ၊ ၁၄ပွဲရှုံးရလဒ်ပိုင်ဆိုင်ပြီး ရလဒ်ကောင်းများ ရယူနိုင်ခဲ့သည်။

အသက်(၄၉)နှစ်အရွယ်ရှိ နည်းပြ ရီဂီစ်လီဘရစ်က "ကျွန်တော် ဆန်းဒါးလန်းအသင်းနှင့် ကာလရှည်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမည့်ဘောလုံးရာသီ ပရီးမီးယားလိဂ်မှာလည်း အောင်မြင်မှုများစွာ ရယူသွားမှာပါ။ ဒီအသင်းဟာ ကျွန်တော်ရဲ့ အိမ်လိုပါပဲ" ဟု ပြောသည်။

(အပေါ်ပုံ)(NGB)

## လူကာဂျိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် AEK အေသင်အသင်း ခေါ်ယူ

**လန်ဒန် ဩဂုတ် ၅**

AEK အေသင်အသင်းသည် အေစီမီလန်အသင်းနှင့် လမ်းခွဲခဲ့သည့် ဝါရင့်တိုက်စစ်မှူး လူကာဂျိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူနိုင်ခဲ့ပြီ ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် အေစီမီလန်အသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၄၇ပွဲကစားပြီး ၁၃ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် AEK အေသင်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။

AEK အေသင်အသင်း ထုတ်ပြန်ချက်တွင် "လူကာဂျိုဗစ်အား ခေါ်ယူခဲ့ပါပြီ။ သူ့အနေနဲ့လည်း အသင်းကိုများစွာအထောက်အကူပြုနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ အသင်းအနေနဲ့လည်း လာမည့် ဘောလုံးရာသီအတွက် ကြိုတင်ပြင်ဆင်မှုအနေဖြင့် လက်ရှိဈေးကွက်အတွင်း ကစားသမားသစ်တွေ ထပ်မံခေါ်ယူအားဖြည့်သွားဦးမှာပါ" ဟု ထုတ်ပြန်သည်။

(အောက်ပုံ)

(NGB)



## 2025 National Bank Open presented by Rogers အမျိုးသမီးတင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Naomi Osaka တက်ရောက်

**လန်ဒန် ဩဂုတ် ၅**


ကနေဒါနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီးတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ဂျပန်တင်းနစ်မယ် Naomi Osaka တက်ရောက်ခဲ့သည်။

အဆိုပါ ဂျပန်တင်းနစ်မယ် Naomi Osaka သည် 2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် လတ်ဗီးယားတင်းနစ်မယ် Anastasija Sevastova အား ၆-၁၊ ၆-၀ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 National Bank Open presented by Rogers တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ဂျပန်တင်းနစ်မယ် Naomi Osaka နှင့် ယူကရိန်းတင်းနစ်မယ် Elina Svitolina တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ (အောက်ဖဲပုံ)(NGB)



## ဒေးဗစ်လူးဝစ်ဇ် ပါဖိုစ့်အသင်းတွင် ကျောနံပါတ် (၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည်




**လန်ဒန် ဩဂုတ် ၅**

နောက်ခံကစားသမားသစ် ဒေးဗစ်လူးဝစ်ဇ် ဆိုက်ပရပ်စ်ကလပ် ပါဖို့စ်အသင်းတွင် ကျောနံပါတ်(၄)ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် ဖိုတယ်လယ်ဇာ အသင်းနှင့် လမ်းခွဲပြီးနောက် ပါဖို့စ်အသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ရောက်ရှိလာခြင်း ဖြစ်သည်။

နောက်ခံကစားသမား ဒေးဗစ်လူးဝစ်ဇ်သည် ကစားသမားဘဝတစ်လျှောက်တွင် ဘင်ဖီကာ၊ ချဲလ်ဆီး၊ ဖလာမင်ဂို၊ ဖိုတယ်လယ်ဇာ စသည့် ကလပ်အသင်းများအပြင် အခြားကလပ်အသင်းများစွာတွင်ကစားပြီး အတွေ့အကြုံရှိသည့် ကစားသမားတစ်ဦးဖြစ်ခြင်းကြောင့် ပါဖို့စ်အသင်းကခေါ်ယူခဲ့ခြင်း ဖြစ်သည်။

အသက်(၃၈)နှစ်အရွယ်ရှိ ဒေးဗစ်လူးဝစ်က "ကျွန်တော် ပါဖို့စ်အသင်းမှာ ကျောနံပါတ်(၄)ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ဒီအသင်းနဲ့အတူ အောင်မြင်မှုများ ရရှိအောင်လည်း အစွမ်းကုန်ကြိုးစားသွားမှာပါ" ဟု ပြောသည်။ (အပေါ်ဖဲပုံ)(NGB)

## မက်ဒီဆန် ဒူးဒဏ်ရာကြောင့် ကာလရှည်အနားယူရဖွယ်ရှိ



**လန်ဒန် ဩဂုတ် ၅**

စပါးအသင်း ကွင်းလယ်ကစားသမား မက်ဒီဆန် ဒူးဒဏ်ရာ ပြင်းထန်စွာရရှိခဲ့မှုကြောင့် ကာလရှည် အနားယူရဖွယ်ရှိနေသည်။

အဆိုပါ ကွင်းလယ်ကစားသမားသည် ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် စပါးအသင်းနှင့် နယူးကာဆယ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည့်ပွဲစဉ်တွင် ဒူးဒဏ်ရာပြင်းထန်စွာရရှိခဲ့ခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား မက်ဒီဆန် ဒဏ်ရာပြဿနာနှင့် ရင်ဆိုင်ခဲ့ရခြင်းကြောင့် စပါးအသင်းအတွက်လည်း ကြီးမားသည့် ထိုးနှက်ချက်တစ်ရပ်ဖြစ်လာခဲ့သည်။

အသက်(၂၈)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား မက်ဒီဆန်သည် စပါးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၇၅ပွဲကစားပြီး ၁၆ဂိုး သွင်းယူကာ ခြေစွမ်းပြထားသည်။

(အပေါ်ဖဲပုံ)(NGB)

## ဝယ်လ်ရိုက်အား လီဗာပူးအသင်း ခေါ်ယူ

**လီဗာပူး ဩဂုတ် ၅**

လီဗာပူးအသင်းသည် ဆဲလ်ဖို့ဒ်စီးတီးအသင်း လူငယ်တိုက်စစ်မှူး ဝယ်လ်ရိုက်အား ခေါ်ယူခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၁၇)နှစ်အရွယ်ရှိ တိုက်စစ်မှူးသည် လီဗာပူးအသင်းနှင့်အတူ သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ချုပ်ဆိုခဲ့သည်။

တိုက်စစ်မှူး ဝယ်လ်ရိုက်သည် အနာဂတ်တွင်ထွန်းတောက်လာမည့် ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ခြင်းခံထားရသောကြောင့် လီဗာပူးအသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ (ယာပုံ)

လီဗာပူးအသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမားခြောက်ဦးအထိ ခေါ်ယူထားပြီး နောက်ထပ်ကစားသမားသစ်များကိုလည်း ဆက်လက်ခေါ်ယူသွားဦးမည် ဖြစ်သည်။

(NGB)



### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည ၁၁:၃၀ နာရီ | အာဆင်နယ်(အင်္ဂလန်) - ဗီလာရီးရဲလ်(စပိန်) |
| ၇-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၁:၀၀ နာရီ | ဗီလာ(အင်္ဂလန်) - ရိုးမား(အီတလီ) |
| ။ | ။ | ဘက်တစ်(စပိန်) - ကိုမို(အီတလီ) |
| ။ | နံနက် ၀၁:၃၀ နာရီ | ဝယ်လာဒိုးလစ်(စပိန်) - ဂီတာဖေး(စပိန်) |

### ဥရောပ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(တတိယအဆင့်-ပထမအကျော့)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ည ၉:၃၀ နာရီ | ကိုင်ရက်(ကာဇက်စတန်) - ဆလိုဗန်(ဆလိုဗက်ကီးယား) |
| ။ | ည ၁၁:၃၀ နာရီ | ဘော့လ်ဘတ်(ဩစတြီးယား) - ဘရူဂျက်(ဘယ်လ်ဂျီယံ) |
| ၇-၈-၂၀၂၅ ကြာသပတေးနေ့ | နံနက် ၀၀:၀၀ နာရီ | လူဒိုဂိုရက်စ်(ဘူလ်ဂေးရီးယား) - ဗီရန်ဘားရိုစ်(ဟန်ဂေရီ) |
| ။ | နံနက် ၀၁:၀၀ နာရီ | လက်ပေါ့စ်နန်(ပိုလန်) - ဇဝက်ဇ်ဒါ(ဆားဘီးယား) |
| ။ | နံနက် ၀၁:၃၀ နာရီ | ဖီယင်နူ(နယ်သာလန်) - ဖီနာဘာချီ(တူရကီ) |
| ။ | ။ | နိစ်(ပြင်သစ်) - ဘင်ဖီကာ(ပေါ်တူဂီ) |

### အေအက်ဖ်စီ အာရှဖလား အမျိုးသမီး(ယူ-၂၀)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)ပွဲစဉ်များ — နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၆-၈-၂၀၂၅ ဗုဒ္ဓဟူးနေ့ | ညနေ ၄:၀၀ နာရီ | မြန်မာ - တာမင်နစ္စတန် |
| ။ | ည ၇:၀၀ နာရီ | အိန္ဒိယ - အင်ဒိုနီးရှား |

### ဘောလုံးသတင်း အတိုအထွာများ

* လီဗာပူးအသင်းသည် အသင်းတိုက်စစ်မှူး ဒါဝင်နူးနက်ဇ်၏ ပြောင်းရွှေ့ကြေးအား ယူရိုသန်း ၇၀ အထိ အလိုရှိနေကြောင်း သတင်းများက ဖော်ပြခဲ့သည်။
* ရာသီကြိုခြေစမ်းပွဲစဉ်အဖြစ် ယနေ့ နံနက်ပိုင်းက ဆီဗီလာအသင်းနှင့် အယ်လ်ကွက်ဆီယာအသင်းတို့ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာအသင်းက အယ်လ်ကွက်ဆီယာအသင်းကို ပင်နယ်တီအဆုံးအဖြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

(NGB)



# MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲ ပြုလုပ်

**အောင်လံ ဩဂုတ် ၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့၌ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက အောင်လံမြို့၊ ကုသိနာရုံဘုရားကွင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသက်လွင်၊ MSMEနေပြည်တော် Association ဥက္ကဋ္ဌ ဦးသူရိန်၊ မကွေးတိုင်းဒေသကြီး၊ MSME Agency ဥက္ကဋ္ဌ ဦးဇော်ထွန်းအောင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့ပြီး တက်ရောက်လာသူများက စုပေါင်းအမှတ်တရဓာတ်ပုံများ ရိုက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက MSME ဒေသထွက်ကုန် အရောင်းပြခန်းများအား လှည့်လည်ကြည့်ရှုခဲ့ပြီး ပွဲတော်တွင် အောင်လံမြို့နယ်အတွင်းရှိ ဒေသထွက်ကုန်များ ရောင်းချပေးခြင်းအပြင် ဈေးရောင်းပွဲတော်ကို ဩဂုတ် ၃ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

အာကာ(ပြန်/ဆက်)

# မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးကွင်းဆင်းဆောင်ရွက်

**မိုင်းယန်း ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့နယ်တွင် ကျေးရွာ ဒေသခံ တိုင်းရင်းသားပြည်သူများအား ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM)အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက မိုင်းလွေကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ အသိပညာပေး ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦးက ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ သက်ဆိုင်ရာကဏ္ဍများအလိုက် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးကြပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိဝန်ထမ်းများမှ ကျေးရွာနေ ပြည်သူများအား မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) အသုံးပြုခြင်းဆိုင်ရာ အသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

မြို့နယ်(ပြန်/ဆက်)





# ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးပေး

**ဟုမ္မလင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့နယ်တွင် မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးခြင်းကို ဩဂုတ် ၄ ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသခန်းမဆောင်၌ ဆောင်ရွက်ပေးလျက်ရှိသည်။

ဟုမ္မလင်းမြို့နယ်အတွင်းရှိ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များ ကျန်းမာသန့်စွမ်းပြီး ရောဂါဘယကင်းဝေးစေရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ပုံမှန်ကာကွယ်ဆေးများ ထိုးနှံတိုက်ကျွေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ကျန်းမာရေးဝန်ထမ်းများက ဟုမ္မလင်းမြို့နယ်ရှိ မွေးစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို အသက်အရွယ်အပိုင်းအခြားအလိုက် ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် ငါးမျိုးစပ်ကာကွယ်ဆေး၊ ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောဖြစ်စေတတ်သော ရိုတ(Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်၊ ဆုံဆို့ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် ကိုယ်ဝန်ဆောင်မိခင်များအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ သက်ကြီးဘိုးဘွားများအား ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

*-*-*-*-*-*-*

# ထောပတ်စိုက်ကေများ တစ်နေ့တခြားများပြားလာသဖြင့် ထွက်အားလည်း ကောင်းမည်

**မန္တလေး ဩဂုတ် ၅**

ပြည်တွင်း၌ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်သူများ၏ ရင်းနှီးမြှုပ်နှံမှုများကြောင့် ထောပတ်သီး စိုက်ဧက များပြားလာကာ ထွက်အားကောင်းလာပြီး ပြည်တွင်း၊ ပြည်ပဈေးကွက် လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဟု ထောပတ်သီးစိုက်ပျိုးထုတ်လုပ်ရောင်းချသူများအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ထောပတ်သီးမှာ ပြည်ပနိုင်ငံများတွင် နှစ်သက်စွာ စားသုံးသူများကြောင့် Green Gold ဟု တင်စားခေါ်ဝေါ်ကြပြီး ဈေးကွက်လိုအပ်ချက်ရှိနေသည်။

"ပြည်ပနိုင်ငံတွေက ထောပတ်သီးကို အစိမ်းရောင်ရွှေသီး (Green Gold) လို့ တင်စားခေါ်ရလောက်အောင် နှစ်သက်ကြတယ်။ ထောပတ်ပင်က လေးနှစ်သားအထက်မှာ ရောင်းတန်းဝင်အသီးရတာကြောင့် ပြီးခဲ့တဲ့ နှစ်တွေက ရင်းနှီးမြှုပ်နှံပြီး စိုက်ပျိုးကြလို့ ထွက်အားကောင်းလာမယ်။ မနှစ်ကထက် ထွက်အားကောင်းပြီး ဈေးကွက်မှာ ရောင်းနေကြပြီ"ဟု ၎င်းက ပြောသည်။

ထောပတ်သီးကို ပြည်ပတင်ပို့ရာတွင် အိမ်နီးချင်းနိုင်ငံတစ်ခုနှင့် G to G ချုပ်ဆိုနိုင်ရန် ဆောင်ရွက်လျက်ရှိပြီး လာမည့် ၂၀၂၆ ခုနှစ်တွင် ချုပ်ဆိုနိုင်မည်ဟု ခန့်မှန်းကြောင်း၊ ထိုသို့ချုပ်ဆိုပြီးပါက ပြည်ပတင်ပို့နိုင်ကာ ဈေးကွက်ကောင်းမွန်လာမည်ဖြစ်သည်။

"စိုက်တဲ့သူတွေက ထောပတ်သီးရဲ့ လာမယ့် ရှေ့အလားအလာကို သိကြတော့ တိုးချဲ့ရင်းနှီးမြှုပ်နှံတာတွေ လုပ်လာကြတယ်။ ပြည်တွင်းစားသုံးသူဈေးကွက်မှာ ဝယ်လိုအားကောင်းနေပါတယ်။ လာမယ့် နှစ်နှစ်ကျော် သုံးနှစ်လောက်ဆိုရင် စိုက်ပျိုးထုတ်လုပ်နိုင်မှု တော်တော်အားကောင်းလာမှာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။ **(အောက်ဝဲပုံ)**



ထောပတ်သီးဈေးကွက်တွင် အမရာထောပတ်သီးနှင့် ဗီယက်နမ်မျိုး 035 နှင့် 034 ထောပတ်သီးများကို ပြည်တွင်းဈေးကွက်တွင် ရောင်းချလျက်ရှိပြီး ပြည်ပဈေးကွက်ဝင် Hass ထောပတ်သီးများလည်း မကြာမီ ဈေးကွက်အတွင်း ရောက်ရှိလာတော့မည်ဖြစ်ကြောင်း၊ တစ်ကီလိုဂရမ်လျှင် ငွေကျပ် ၈၀၀၀ မှ ၁၅၀၀၀ ဝန်းကျင် ပေါက်ဈေးရှိကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၉)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ခြင်းနှင့် အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်း

**ညောင်ဦး ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အနောက်ဖွားစော ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် အဖွဲ့ဝင်များ ရွေးချယ်ဖွဲ့စည်းခြင်းကို ဩဂုတ် ၄ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ညောင်ဦးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဟန်မြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်နေပြည်သူများ အလုပ်အကိုင်၊ အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားကာ ဆင်းရဲမှုနှုန်းလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အဖွဲ့ဝင်များ ရွေးချယ်ရာတွင် သတ်မှတ်အရည်အချင်းများ၊ လုပ်ဆောင်ရမည့် တာဝန်များနှင့် ခံစားခွင့်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူး၊ မြို့နယ် ဦးစီးမှူးနှင့် ဝန်ထမ်းများက တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်ကိုးဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

ယခုဘဏ္ဍာနှစ်တွင် စီမံကိန်းမ,တည်ရန်ပုံငွေကျပ် သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများကို စတင်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(၄၄၅)

*-*-*-*-*-*-*



## တောင်သမန်ဦးပိန်တံတားသို့ ပြည်တွင်းခရီးသွားများ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်နှင့် ဥပုသ်ရက်များတွင် လာရောက်သူများပြား

**မန္တလေး ဩဂုတ် ၅**

ငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် တောင်သမန်ဦးပိန်တံတားသို့ ပြည်တွင်း၊ပြည်ပ ခရီးသွားလာရောက်မှုမှာ ယခင်နှစ်ထက် အနည်းငယ် နည်းပါးကြောင်း ငှက်လှေလှော်ခတ်သူ ဦးသိန်းဝင်းက ပြောသည်။

“ဒီနှစ်မှာ ငလျင်ဘေးရော၊ မိုးကြီးတာရောကြောင့် ခရီးသွားလာရောက်မှုက မနှစ်ကထက်နည်းတယ်။ ပုံမှန်ဆိုရင် ဝါတွင်းကာလမှာ အလည်အပတ်လာတဲ့သူ များတယ်။ ငှက်လှေစီးသူတွေက မိုးရွာရင်လည်း မစီးရဲကြဘူး။ လေတိုက်ရင်လည်း မစီးရဲကြတော့ ငှက်လှေသမားတွေ တစ်ရက် တစ်ခေါက်ရဖို့ မလွယ်ဘူး။ ဒါပေမဲ့ စားဝတ်နေရေးအတွက်တော့ အဆင်ပြေပါတယ်” ဟု ၎င်းက ပြောသည်။

တောင်သမန်အင်းရေပြင်သည် ဝါဆို၊ဝါခေါင်လများတွင် ရေဝင်ရောက်မှုများပြားသော်လည်း ယခုနှစ်တွင် အင်းရေမှာ ယခင်နှစ်လောက် မြင့်တက်မှုမရှိသေးဘဲ ငှက်လှေအင်းစပ်ထိသာ ရေရောက်ရှိနေကြောင်း၊ ယခုရက်ပိုင်း မိုးလေဝသအခြေအနေကြောင့် ငှက်လှေစီးသူ နည်းပါးသကဲ့သို့ လာရောက်လည်ပတ်သူလည်း နည်းပါးကြောင်း သိရသည်။

“မနှစ်က ဒီလိုအချိန်မှာ တောင်သမန်အင်းရေက အင်းစပ်ကို ကျော်ပြီး အနားယူအပန်းဖြေတဲ့ ထိုင်ခုံတွေအထိ မြင့်ခဲ့တယ်။ အင်းရေက တိုးလိုက်၊ကျလိုက်နဲ့ ဖြစ်တာ အခုဆိုရင် သုံးကြိမ်ရှိသွားပေမယ့် အင်းစပ်ထိပဲ ရေရှိတယ်။ ဒီနှစ်မှာ အင်းရေအောင်မယ်မထင်ဘူး” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

တောင်သမန်ဦးပိန်တံတားသို့ လာရောက်သူများသည် အလှဓာတ်ပုံရိုက်ကူးခြင်း၊ မည်စည် (မယ်ဇယ်)တန်းတွင် စားသောက်အနားယူအပန်းဖြေခြင်းတို့ဖြင့် ပြည်တွင်း၊ပြည်ပ ခရီးသွားများ အလည်အပတ်လာရောက်လေ့ရှိကြောင်း၊ ငှက်လှေစီးခနှုန်းထားမှာ တစ်စီးလျှင် အများဆုံး ၁၀ ဦးခန့်ထိ တင်ဆောင်ပြီး ငွေကျပ် ၂၀,၀၀၀ နှင့် နိုင်ငံခြားခရီးသွားများဆိုပါက ငွေကျပ် ၂၅,၀၀၀ ဖြင့် ပို့ဆောင်ပေးကြောင်း သိရသည်။

**(အပေါ်ပုံ)**

တောင်သမန်ငှက်လှေအသင်းတွင် ငှက်လှေပေါင်း ၄၂ စီးရှိရာ အလှည့်ကျစနစ်ဖြင့် ခရီးသည်များအား ပို့ဆောင်ပေးနေပြီး အခါကြီး နေ့ကြီးရက်များ၊ ကျောင်းပိတ်ရက်၊ ရုံးပိတ်ရက်များနှင့် ဥပုသ်ရက်များတွင် ပုံမှန်ရက်ထက် လာရောက်သူများပြားသော်လည်း ယခင်နှစ်များထက် လာရောက်သူနည်းပါးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-ဇ)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းအတွက် စာမူများဖိတ်ခေါ်

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၏ (၁၃)နှစ်မြောက် အထိမ်းအမှတ် နှစ်ပတ်လည်မဂ္ဂဇင်းကို ထုတ်ဝေသွားမည်ဖြစ်ပါ၍ မဂ္ဂဇင်းတွင် မြို့တော်စည်ပင်၏ အများပြည်သူအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့် အခြားသုတရသရရှိစေမည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း၊ ဝတ္ထုတို၊ ဝတ္ထုရှည်၊ ဘာသာပြန်၊ ဟာသပြဇာတ်၊ အားကစားကဏ္ဍ၊ ဘာသာရေး၊ ကျန်းမာရေး၊ ခံစားမှုစာစု၊ လူငယ်ကဏ္ဍ စသည်ဖြင့် ကဏ္ဍစုံ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ပါသောကြောင့် စာမူများအား မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ ၂၇လမ်း၊ ၇၁လမ်းနှင့်၇၂လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးနေ့စဉ်သတင်းစာတိုက်(ကြော်ငြာဌာနစိတ်)၊ ၇၁လမ်းနှင့် ၃၅လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်နှင့် mdydailynewspaper@gmail.com သို့ (၁၅-၉-၂၀၂၅)ရက်နောက်ဆုံးထား၍ ပေးပို့နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။ စာမူများကို ပေးပို့ရာတွင် ကလောင်အမည်၊ အမည်၊ မှတ်ပုံတင်အမှတ်၊ ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊ နေရပ်လိပ်စာအပြည့်အစုံတို့ကို ထည့်သွင်းဖော်ပြပေးသွားပါရန်နှင့် ကလောင်ခွဲများဖြင့် ရေးသားပေးပို့ခြင်း မပြုကြပါရန် အသိပေးအပ်ပါသည်။

ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

တံတားနှင့်လမ်း၊
ဆေးခန်းနှင့်ကျောင်း၊
ဆည်မြောင်းနှင့်ကန်၊
သစ်ပင်ရုံမှ
သဏ္ဌာန်လှပ
ပန်းရလိမ့် ။



## အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပ

**စဉ့်ကိုင် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ စဉ့်ကိုင်မြို့နယ်၌ ပညာ့တံခွန် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို အ·ထ·က (စဉ့်ကိုင်)ကျောင်းရှိ သဇင်ခန်းမ၌ ဩဂုတ် ၃ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပညာ့တံခွန် ငွေစုငွေချေးသမဝါယမအသင်း သဘာပတိ ဦးခင်မောင်သိန်းက လည်းကောင်း မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်ဦးနှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူတို့ကလည်းကောင်း အမှာစကားပြောကြားသည်။

ထို့နောက် သမဝါယမအသင်း၏ အသင်းသားစာရင်းစစ်တစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးရှင်းတမ်းအပေါ် တွေ့ရှိချက်၊ သုံးသပ်ချက်များကို ဖတ်ကြားရှင်းလင်းခဲ့သည်။

ဆက်လက်ပြီး အမှုဆောင်ဒါရိုက်တာတစ်ဦးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ တက်ရောက်လာသော သမဝါယမအသင်းသား၊ အသင်းသူများက တင်ပြချက်များအပေါ် အကြံပြုဆွေးနွေးတင်ပြကြသည်။

ထို့နောက် သဘာပတိက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ဘဏ္ဍာရေးရှင်းတမ်းများနှင့် အမှုဆောင်ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အတည်ပြုကြေညာပေးခဲ့သည်။

၎င်းနောက် ၂၀၂၅-ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ပညာ့တံခွန် ငွေစုငွေချေး သမဝါယမအသင်းမှ အသင်းသား၊ အသင်းသူများ၏ သား၊ သမီး ကိုးဦးအား ပညာ့တံခွန် ငွေစုငွေချေး သမဝါယမအသင်း သဘာပတိ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိတို့က ပညာရည်ချွန်ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၃၉၉)**

## မိုးစပါးများ အောင်မြင်ရေးနှင့် ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးရေး ကွင်းဆင်းဆောင်ရွက်

**တံတားဦး ဩဂုတ် ၅**

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးထားသော မန္တလေး၊ တံတားဦးမြို့နယ်တွင် မိုးစပါးများ အောင်မြင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် ရာနှုန်းပြည့်စိုက်ပျိုးပြီးစီးရေးအတွက် ကွင်းဆင်းဆောင်ရွက်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ယခုနှစ် မြို့နယ်အတွင်း စိုက်ပျိုးမှု လျာထားချက်ပြည့်မီစေရန် မိုးစပါးဧက စုစုပေါင်း ၁၄၅၇၅ ဧက လျာထားပြီး ရာနှုန်းပြည့် စိုက်ပျိုးနိုင်ရေး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးပြီးပင်များ ရှင်သန်ဖွံ့ဖြိုးရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ ပန်းတိုင်အထွက်နှုန်း ရရှိရေး၊ ပိုးမွှားအန္တရာယ်ကင်းရှင်းရေး၊ ပေါင်းမြက်ရှင်းလင်းရေးတို့အတွက် တောင်သူများနှင့် တွေ့ဆုံပြီး အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အပြင် တံတားဦးမြို့နယ်စိုက်ပျိုးမှုကြီးကြပ်ရေးကော်မတီအဖွဲ့၏ လမ်းညွှန်မှုဖြင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကနေဒီထွန်း ဦးဆောင်မှုဖြင့် တောင်သူများအား မြေသြဇာစနစ်တကျ သုံးစွဲရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ၊ သဘာဝမြေသြဇာများကို အချိုးကျ ထည့်သွင်းအသုံးပြုရေး၊ ရေသွင်းရေထုတ် မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရရှိရေး၊ အရည်အသွေးပြည့်မီသော စပါးများရရှိရေးနှင့် ရိတ်သိမ်းရာတွင် အလေအလွင့်မရှိရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိပြီး တောင်သူများအနေဖြင့် စိုက်ပျိုးထားသည့် အပင်များ ရှင်သန်အောင်မြင်ရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့ကို မျှော်လင့်ကြောင်း တောင်သူတစ်ဦးက ပြောသည်။

**(၄၀၉)**

## ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ကျင့်ဝတ်ဖြေဆို

**မန္တလေး ဩဂုတ် ၅**

ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာန၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်၊ စခန်းများမှ သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ မီးသတ်ကျင့်ဝတ်ဖြေဆိုခြင်းကို ယမန်နေ့ နံနက် ၉ နာရီက ပြင်ဦးလွင်ခရိုင် မီးသတ်စခန်းတွင် ပြုလုပ်သည်။

မီးသတ်ကျင့်ဝတ်ဖြေဆိုမှုတွင် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက တပ်ဖွဲ့ဝင်များအား မီးသတ်ကျင့်ဝတ်သည် မီးသတ်တပ်ဖွဲ့ဝင် တစ်ဦးချင်းအတွက် အကျင့်သီလဖြစ်သည့်အတွက် တပ်ဖွဲ့ဝင်များအား မီးသတ်ကျင့်ဝတ်နှင့်အညီ နေထိုင်စေရေးနှင့် ကျင့်ဝတ်များ လေ့လာထားမှုများကို တွေ့ဆုံမေးမြန်းဖြေဆိုစေခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မီးသတ်တပ်ဖွဲ့များက မီးသတ်ကျင့်ဝတ်များ ဖြေဆိုကြရာ အမှတ်အများဆုံးရရှိသော တပ်ဖွဲ့ဝင်များအား ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူးက ဆုငွေများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(၀၄၅)**

# ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှုအကူအညီများ ဝင်ရောက်ခွင့်ပြုမည်



**ဂျေရုဆလင် ဩဂုတ် ၅**

ဂါဇာဒေသသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း အစ္စရေးတာဝန်ရှိသူများက ဩဂုတ် ၅ ရက်တွင် ပြောကြားသည်။

**ပြောကြား**

ဂါဇာဒေသရှိ ပုဂ္ဂလိကလုပ်ငန်းများမှတစ်ဆင့် ကုန်ပစ္စည်းများ ဖြန့်ဖြူးမည်ဖြစ်ကြောင်း အစ္စရေးကာကွယ်ရေးဝန်ကြီးဌာန အရပ်သားများဆိုင်ရာ စီမံခန့်ခွဲရေးတပ်ဖွဲ့က ပြောကြားသည်။

ဒေသတွင်းကုန်ပစ္စည်းများဝင်ရောက်ခွင့်ပြုသည့် ဆုံးဖြတ်ချက်ကို အစ္စရေးအစိုးရအဖွဲ့က အတည်ပြုခဲ့သည်။

ဆောင်ရွက်ရန်ရှိသည့် ကိစ္စရပ်များ ဆောင်ရွက်ပြီးမှသာ ကုန်ပစ္စည်းများကို ဂါဇာဒေသသို့ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။ ဂါဇာဒေသသို့ဝင်ရောက်ခွင့်ပြုမည့်ပစ္စည်းများတွင် စားသောက်ကုန်၊ အသီးအနှံနှင့် ဟင်းသီးဟင်းရွက်အပါအဝင် တစ်ကိုယ်ရေသုံးသန့်ရှင်းရေးပစ္စည်းများ ပါဝင်ကြောင်း သိရသည်။ ကုန်ပစ္စည်းများအတွက် ငွေပေးချေရာတွင် ဘဏ်ငွေလွှဲစနစ်ဖြင့် ပေးချေမည်ဖြစ်ကာ ကုန်ပစ္စည်းများကိုလည်း စစ်ဆေးမည်ဖြစ်ကြောင်း အစ္စရေး ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂါဇာဒေသတွင် အစ္စရေး က ၂၀၂၃ ခုနှစ် အောက်တိုဘာမှစတင်၍ တိုက်ခိုက်မှုများဆောင်ရွက်ခဲ့ပြီး ဒေသတွင်းကုန်ပစ္စည်းများ ဝင်ရောက်ခွင့်ကို ယခုနှစ်မတ် ၂ ရက်မှစတင်၍ ပိတ်ပင်ခဲ့သည်။ မေလတွင် ဂါဇာဒေသ၌ အမေရိကန်နှင့် အစ္စရေးတို့ဦးဆောင်သည့် ပုဂ္ဂလိကအစားအသောက် ဖြန့်ဖြူးရေးလုပ်ငန်းများအား ဒေသတွင်းအစားအသောက် ဖြန့်ဖြူးခွင့်ပေးခဲ့သည်။ ဇူလိုင်လနောက်ပိုင်းတွင် အကူအညီပေးရေးယာဉ်တန်းများကို ဝင်ရောက်ခွင့်ပြုခဲ့ကာ အာရပ်နှင့် ဥရောပနိုင်ငံများမှ လေကြောင်းရိက္ခာများချပေးခြင်းကိုလည်း ဆောင်ရွက်ခွင့်ပြုခဲ့သော်လည်း ဒေသတွင်း အငတ်ဘေးကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဂါဇာဒေသတွင် လက်ရှိအချိန်အထိ အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် သေဆုံးသူ ၆၀၉၃၃ ရှိကြောင်းသိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - စိုးသူရ

## ဖိလစ်ပိုင်နိုင်ငံတွင် စားသုံးသူကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်မှု ခြောက်နှစ်နီးပါးကာလအတွင်း အနေးကွေးဆုံးနှုန်းသို့ ရောက်ရှိ



**မနီလာ ဩဂုတ် ၅**

ဖိလစ်ပိုင်နိုင်ငံတွင် စားသုံးသူ ကုန်ပစ္စည်းဈေးနှုန်းများ မြင့်တက်မှုသည် လွန်ခဲ့သည့် ခြောက်နှစ်နီးပါးကာလအတွင်း အနေးကွေးဆုံးနှုန်းသို့ ရောက်ရှိခဲ့ရာ ယခုနှစ်နှောင်းပိုင်းတွင် ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းလျှော့ချရန် အလားအလာရှိနေကြောင်း စာရင်းအင်း အေဂျင်စီက ဩဂုတ် ၅ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။


အသုံးစရိတ်များနှင့် စားသောက်ကုန်ဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် ယခုကဲ့သို့ ဈေးနှုန်းမြင့်တက်မှုနှုန်း နှေးကွေးခဲ့ခြင်းဖြစ်သည်။

စားသုံးသူဈေးနှုန်းအညွှန်းကိန်းသည် ယခုနှစ်တွင် ၀ ဒသမ ၉ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလနောက်ပိုင်း အနိမ့်ဆုံးနှုန်းဖြစ်သည်။ ယင်းနှုန်းသည် ရိုက်တာသတင်းဌာန၏ စစ်တမ်းခန့်မှန်းချက်ဖြစ်သော ၁ ဒသမ ၁ ရာခိုင်နှုန်းအောက် လျော့နည်းနေခဲ့သည်။ ဇူလိုင်လ၏ ကိန်းဂဏန်းသည် ဇွန်လ၏ ၁ ဒသမ ၄ ရာခိုင်နှုန်းထက်လည်း နည်းပါးခဲ့သည်။

ထိုသို့ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ခုနစ်လတာကာလအတွင်း ပျမ်းမျှနှုန်းသည် ၁ ဒသမ၇ ရာခိုင်နှုန်းသို့ ရောက်ရှိခဲ့ပြီး ဗဟိုဘဏ်၏ ယခုနှစ်ပစ်မှတ်ထားသည့် ၂ ဒသမ ၀ ရာခိုင်နှုန်းမှ ၄ ဒသမ ၀ ရာခိုင်နှုန်းကြားထက် နည်းပါးနေခဲ့ကြောင်း သိရသည်။

Mon

## INTERNATIONAL NEWS
## နိုင်ငံတကာသတင်းများ



အရေးအငြင်းပွားမှု အပစ်အခတ်ရပ်စဲရေး အသေးစိတ်ဆွေးနွေးရန် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်သို့ ယမန်နေ့က ရောက်ရှိလာကြစဉ်။ **Mon**





## ပြင်သစ်မြောက်ပိုင်းရထားလမ်းတစ်ခုတွင် ဓာတ်အားပေးစနစ် ချို့ယွင်း ယူရိုစတားရထားလိုင်း ခရီးစဉ်များ နှောင့်နှေးကြန့်ကြာ ပျက်သိမ်း

**ပဲရစ် ဩဂုတ် ၅**

ပြင်သစ်နိုင်ငံမြောက်ပိုင်းရှိ ရထားလမ်းတစ်ခုတွင် ဓာတ်အားပေးစနစ် ချို့ယွင်းမှုကြောင့် ရထားလမ်းပိတ်ထားခဲ့ရာ ယမန်နေ့က ယူရိုစတားရထားလိုင်း အများအပြား၏ ခရီးစဉ်များနှောင့်နှေးကြန့်ကြာ ဖျက်သိမ်းခဲ့ရကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ယူရိုစတားဝက်ဘ်ဆိုက်၏ ဖော်ပြချက်အရ လန်ဒန်နှင့် ပဲရစ်ကြား ပြေးဆွဲသည့် ရထားခရီးစဉ် ၉ ခုကို ဖျက်သိမ်းခဲ့ပြီး ကျန်ရှိသည့် ခရီးစဉ်အများစု နှောင့်နှေးခဲ့သည်။

အဆိုပါ ပြဿနာသည် ဩဂုတ် ၄ ရက် ဒေသစံတော်ချိန် နံနက် ၈ နာရီခွဲခန့်တွင် စတင်ခဲ့ပြီး တစ်နေ့တာလုံးနီးပါး ဆက်လက်ဖြစ်ပွားခဲ့သည်။

ပြင်သစ်နိုင်ငံ၏ ရထားလမ်းကွန်ရက် ထိန်းသိမ်းရေးအဖွဲ့က ပြဿနာကို ရှာဖွေတွေ့ရှိခဲ့ပြီး ပြုပြင်ရေးလုပ်ငန်းများကို တစ်ညလုံး ဆက်လက်လုပ်ဆောင်မည်ဟု ပြောကြားကာ ယူရိုစတားကလည်း ပုံမှန်ခရီးစဉ်များကို ဩဂုတ် ၅ ရက်တွင် ပြန်လည် စတင်နိုင်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

Mon

## ဖလောရစ်မုန်တိုင်းဒဏ်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ စကော့တလန်တောင်ပိုင်းတွင် ဆက်လက်ရှိနေဦးမည်ဟု ခန့်မှန်း

**လန်ဒန် ဩဂုတ် ၅**

စကော့တလန်တောင်ပိုင်းတွင် ဖလောရစ်မုန်တိုင်းဒဏ်ကြောင့် ဖြစ်ပေါ်လာသော ပြဿနာများ ဩဂုတ် ၅ ရက်အထိ ဆက်လက်ရှိနေဦးမည်ဟု ဒေသခံမိုးလေဝသစခန်းများက ခန့်မှန်းထားကြောင်း သိရသည်။

အဆိုပါမုန်တိုင်းအပြီးတွင် အိမ်ခြေ ၅၀၀၀၀ ခန့်မှာ လျှပ်စစ်မီးပြတ်တောက်ခဲ့ရာ သက်ဆိုင်ရာက လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိအောင် ဆက်လက်လုပ်ဆောင်နေဆဲဟု ဆိုသည်။

တစ်နာရီ မိုင် ၉၀ နှုန်းအထိ တိုက်ခတ်ခဲ့သော လေပြင်းများကြောင့် တနင်္လာနေ့က စကော့တလန်တစ်ဝန်းရှိ ရထားလမ်းများတွင် မတော်တဆဖြစ်ရပ်ပေါင်း ၁၁၉ ခု ရှိခဲ့ရာ ရထားလမ်းကြောင်းတွေ ရှင်းလင်းရန်အတွက် ဝန်ထမ်းများ "မနားတမ်း" ကြိုးစားလုပ်ဆောင်ခဲ့ကြသည်။

မုန်တိုင်းဒဏ်ကြောင့် ဖြစ်ပေါ်လာသော အဓိကပြဿနာများနှင့်ပတ်သက်၍ စကော့တလန်အစိုးရသည် ဩဂုတ် ၄ ရက်ညက အရေးပေါ်အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သိရသည်။

Mon





## ဟောင်ကောင်ကျွန်းတွင် ရာသီဥတုအခြေအနေ ဆိုးရွားလျက်ရှိ အနက်ရောင် မိုးသက်လေပြင်းသတိပေးချက် ထုတ်ပြန်ထားမည်

**ပေကျင်း ဩဂုတ် ၅**

ဟောင်ကောင်မိုးလေဝသဌာနက ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီအထိ "အမြင့်ဆုံး အနက်ရောင် မိုးသက်လေပြင်း" သတိပေးချက် ထုတ်ပြန်ထားမည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အာရှဘဏ္ဍာရေးဗဟိုချက်ဖြစ်သည့် ဟောင်ကောင်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဆေးရုံဆောင်များ၊ ကျောင်းများနှင့် တရားရုံးများ၊ မှတ်ပုံတင်ရုံးများ ပိတ်ထားခဲ့ရသည်။

ဆက်တိုက်ရွာသွန်းနေသော မိုးသက်လေပြင်းကြောင့် လမ်းများပေါ်တွင် ရေကြီးခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများ ဆိုးရွားစွာ ဖြစ်ပေါ်စေနိုင်သဖြင့် ပြည်သူလူထုကို ဘေးကင်းရာနေရာများတွင် နေထိုင်ကြရန် ဟောင်ကောင်နက္ခတ်မျှော်စင်အဖွဲ့က ၎င်း၏ဝက်ဘ်ဆိုက်တွင် အကြံပြုထားသည်။

နံနက် ၆ နာရီမှ ၆ နာရီ ၅၉ မိနစ်အတွင်း မြို့ပေါ်တွင် လျှပ်စီးကြောင်း ၉၈၃၇ ကြိမ် ရှိခဲ့ကြောင်း အဆိုပါအာဏာပိုင်အဖွဲ့က အစီရင်ခံသည်။

တရုတ်နိုင်ငံ ဟောင်ကောင်ကျွန်းတွင် နှစ်စဉ် ပုံမှန်အားဖြင့် ပျမ်းမျှ မိုးရေချိန် ၂၂၂၀ မီလီမီတာခန့် ရွာသွန်းပြီး ထိုပမာဏ၏ တစ်ဝက်ကျော်သည် ဇွန်လမှ ဩဂုတ်လအထိ ကာလအတွင်းတွင် ရွာသွန်းလေ့ရှိကြောင်း သိရသည်။

Mon

# ပြည်သူ့စာကြည့်တိုက်တွင် "ပျော်ရွှင်ကြရာဝယ်" စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်



**တောင်တွင်းကြီး ဩဂုတ် ၅**

ကျောင်းသား၊ကျောင်းသူများ အနေဖြင့် ကလေးဘဝမှစတင်၍ စာအုပ်စာပေနှင့် ရင်းနှီးစေရန်၊ စာကြည့်တိုက်များသို့ စဉ်ဆက်မပြတ်ဝင်ထွက် သွားလာတတ်သည့် အလေ့အထများ ဖြစ်ပေါ်စေရန်၊ စဉ်းစားတွေးခေါ်မှု အားကောင်းစေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စာရေးဆရာမ ခင်စောတင့် ရေးသားသည့် "ပျော်ရွှင်ကြရာဝယ်" စာအုပ်ဖြင့် စာဖတ်ဝိုင်း ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမိုးမိုးမြင့်က ကျောင်းသား၊ ကျောင်းသူလူငယ်များအနေဖြင့် ကျောင်းသင်ခန်းစာများကို ကြိုးစားသင်ယူလေ့လာရန် ၊ ပြင်ပဗဟုသုတရရှိစေမည့် စာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုမှတ်သားရန်နှင့် အသိပညာ၊ အတတ်ပညာများနှင့် ဗဟုသုတဖွံ့ဖြိုး တိုးတက်စေရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပြီးနောက် စာဖတ်ဝိုင်းကို ကျင်းပရာ တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများက "အသေးအဖွဲကိစ္စတွေကို လွှတ်ပေးလိုက်ပါ" "တောင်ကုန်းတိုင်း တက်ကြည့်ပါ"၊ "အသစ်အဆန်းတွေကို သင်ကြားဖို့ သင်ဘယ်တော့မှမအိုပါ"၊ "သင့်ရဲ့ ဆရာများကို အသိအမှတ်ပြုပါ"၊ "ရယ်မောပစ်လိုက်ပါ" စသည့် ဆောင်းပါးများ ဖတ်ကြားခဲ့ပြီး မိမိတို့ နားလည်သဘောပေါက်သည်များအား သုံးသပ်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ တောင်တွင်း အောင်သက်ဦး၊စာရေးဆရာ အိမ့်ဒီဝဏ်၊ မြို့နယ်ပြန်/ဆက်ဦးစီးမှူးဒေါ်အေးမိုးမိုးမြင့်တို့က စာပေလေ့လာဖတ်ရှုခြင်းသည် ကျောင်းပညာရေးကိုလည်း အထောက်အကူဖြစ်စေကြောင်း၊ စာအုပ်စာပေများ လေ့လာဖတ်ရှုပြီးပါက စာအုပ်ပါအနှစ်ချုပ် အကြောင်းအရာများ၊ မှတ်သားထားသင့်သည်များအား မှတ်စုစာအုပ်ဖြင့် ရေးမှတ်ရန်လိုပါကြောင်း၊ စာဖတ်ခြင်းဖြင့် အခွင့်အလမ်းများကို ရရှိစေပြီး လုပ်ငန်းခွင်အောင်မြင်မှုကိုလည်း ရရှိစေနိုင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။ **(အပေါ်ဝဲပုံ)**

အဆိုပါစာဖတ်ဝိုင်းသို့ မြို့မ အခြေခံပညာအလယ်တန်းကျောင်း Grade-7 မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၈ ဦး တက်ရောက်ခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရအဖြစ် စာအုပ်များ မဲဖောက်ပေးခဲ့ကြောင်းနှင့် အသိပညာပေး နံရံကပ် စာစောင်များ ခင်းကျင်းပြသခဲ့ကြောင်း သိရသည်။

**နောင်နောင် (ဗိသနိုးမြေ)**

# အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ ဟောပြောပွဲနှင့် လူငယ်အသိပညာပေးပြပွဲ ကွင်းဆင်းဆောင်ရွက်

**ညောင်ရွှေ ဩဂုတ် ၅**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် လူငယ်အသိပညာပေး နံရံကပ်စာစောင်ပြပွဲ၊ စာအုပ်၊ စာစောင်ပြပွဲကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက ရှမ်းပြည်နယ်၊ ညောင်ရွှေမြို့နယ်၊ တီလောစခန်းကြီးကျေးရွာအုပ်စု ရွှေရန်ပြေကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ပုလဲခန်းမ၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညောင်ရွှေမြို့နယ်ရုံး ဦးစီးအရာရှိ ဦးနေမျိုးသူရိန်က အသိပညာပေးဟောပြောပွဲနှင့်ပြပွဲများ ကွင်းဆင်းဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြား၍ အနာဂတ်ခေါင်းဆောင်လူငယ်များအကြောင်း သိကောင်းစရာများကို အသိပညာပေးဟော ပြောခဲ့သည်။

ထို့နောက် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် လူငယ်အသိပညာပေးနံရံကပ်စာစောင်နှင့် လူငယ်အသိ ပညာပေးစာအုပ်၊ စာစောင်ပြပွဲတွင် ကျောင်းသား၊ ကျောင်းသူလေးများက စိတ်ဝင်တစား ကြည့်ရှုနေမှုကို အားပေးခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**





# ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် မြို့နယ်အဆင့်စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မန္တလေး ဩဂုတ် ၅**

၂၀၂၅ ခုနှစ်၊ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ (World Tourism Day) အထိမ်းအမှတ် မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ချမ်းအေးသာစံမြို့နယ် အမှတ်(၂၂) အခြေခံပညာ အထက်တန်းကျောင်း၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(United Nations World Tourism Organization–UNWTO) က စက်တင်ဘာ ၂၇ ရက်အား ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အဖြစ် သတ်မှတ်ခဲ့ရာ အထိမ်းအမှတ်အနေဖြင့် ချမ်းအေးသာစံမြို့နယ်တွင် အခြေခံပညာအထက်တန်းအဆင့် (Grade-10, Grade-11, Grade-12) မြို့နယ်အဆင့် စာစီစာကုံးပြိုင်ပွဲကို ပြုလုပ်ရာတွင် မြို့နယ်ပညာရေးမှူး ဒေါ်ဝါဝါကျော်နှင့် အမှတ်(၂၂)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးစိုးတို့က ကြီးကြပ်ခဲ့ကြသည်။

"ခရီးသွားလုပ်ငန်းနှင့်စဉ်ဆက်မပြတ် တိုးတက်ပြောင်းလဲမှု" ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲ ဖြေဆိုရာတွင် ချမ်းအေးသာစံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ (Grade-10, Grade-11, Grade-12) ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၆ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ အဆိုပါပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယသုံးဦးအား ခရိုင်အဆင့်ဆက်လက်ရွေးချယ်သွားမည်ဖြစ် ထံမှ သိရသည်။ **(အပေါ်ပုံ)** ကြောင်း မြို့နယ်ပညာရေးမှူးရုံး

**ချမ်းမြေ့မောင်(ချမ်း/စံ)**

ဖတ်စရာ၊ မှတ်စရာ စုံလင်

## သင်ရိုးသစ်နှင့် မြတ်ဆရာ

\- - - - - - - - - - -

* စနစ်သစ် ပညာရေး
အနာဂတ်တွေ ရေးဆွဲပြင်
ဘက်စုံတော် ကျွမ်းကျင်မှု
ရေးရှုအစဉ် ။
သင်ရိုးညွှန်း စံချိန်ဝင်
ခေတ်နှင့်ယှဉ် ရင်ပေါင်တန်း
မျိုးဆက်တွေ ရင်းအမြစ်
ထုဆစ်နိုင်စွမ်း ။

* သင်နည်းဖြာ တတ်မြောက်ကျွမ်း
စဉ်ကြိုးပမ်း ဆည်းပူးကာ
မြတ်ဆရာ ခန်းကဏ္ဍ
ရေးကြီးလှတာ ။
သင်ကြားရေး မဏ္ဍိုင်မှာ
နည်းပညာ ပြည့်ဝထား
တပည့်တွေ ပဲ့ကိုင်လက်
ထက်မြက် စွမ်းအား ။

* စာပေမှာ ထက်မြင့်မား
အားကစား တော်ထူးချွန်
သုတဘဏ် ရတနာသိုက်
စာကြည့်တိုက်ညွှန် ။
စာရိတ္တ ကောင်းမြတ်မွန်
လူရည်ချွန် ဖြစ်စေရေး
စိတ်ထားဖြူ နလုံးလှ
ညွှန်ပြ သင်ပေး ။ ။

**ကျော်ချိုမြင့်(ကန့်ဘလူ)**






## မူးယစ်ဆေးဝါးအန္တရာယ်ဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**မိုင်းယောင်း ဩဂုတ် ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ဩဂုတ် ၄ ရက်က မူးယစ်ဆေးဝါး အန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ပြုလုပ်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်နန်းပန်က မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး အန္တရာယ်ကို နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်နေပြီး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုအင်အားဖြင့် ဘက်ပေါင်းစုံမှ ပူးပေါင်းပါဝင်ကူညီရန် လိုကြောင်း ဆွေးနွေးသည်။(**အပေါ်ပုံ**)

ထို့နောက် စာကြည့်တိုက်လက်ထောက်(၃)ဒေါ်ဝေဝေခိုင် က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများအကြောင်းကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

### အမြန်နှုန်းသတ်မှတ်ချက် လိုက်နာရန်

- ➢ မြို့နယ်နယ်နိမိတ်အတွင်း ၁နာရီလျှင် ၃၀မိုင်(၄၈)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ မြို့နယ်နယ်နိမိတ်ပြင်ပ၌ ၁နာရီလျှင် ၅၀မိုင်(၈၀)ကီလိုမီတာထက် ပို၍ မမောင်းရ။
- ➢ လမ်းညွှန်မှတ်တိုင်ဖြင့် ကန့်သတ်ထားသောနေရာများတွင် ကန့်သတ်အမြန်နှုန်းအတိုင်း မောင်းနှင်ရမည်။

မန္တလေးတိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် အမျိုးသားတစ်ဦးသေဆုံးကာ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိ

**ရွာင် ဩဂုတ် ၅**

ရှမ်းပြည်နယ်၊ ရွာင်မြို့နယ်၌ ခြောက်ဘီးကုန်တင်မော်တော်ယာဉ်မှ ဘရိတ်ပေါက်၍ လမ်းယာဘက်ရှိ ချောက်အတွင်း ထိုးကျတိမ်းမှောက်ခဲ့သဖြင့် အမျိုးသားတစ်ဦး သေဆုံးကာ နှစ်ဦးထိခိုက်ဒဏ်ရာရရှိကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရှမ်းပြည်နယ်၊ ရွာင်မြို့နယ်၊ မြို့ကြီးကျေးရွာနေ သန်းဇော်ဦး (ခ)ဖိုးဇော်(၃၁)နှစ်ဆိုသူမောင်းနှင်ပြီး တစ်ရွာတည်းနေ အောင်ကျော်မျိုး(ခ)ကိုမောစ့် (၃၂)နှစ်နှင့် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်၊ ကျောက်ဖျာကျေးရွာနေ အေးချမ်းမိုး ဆိုသူတို့ လိုက်ပါလာသည့် 9A---- HINO ခြောက်ဘီးကုန်တင်မော်တော်ယာဉ်သည် ဩဂုတ် ၃ ရက် နံနက် ၅ နာရီ ၂၀ မိနစ်တွင် ရွာင်မြို့ဘက်မှ ကျောက်ဆည်မြို့ဘက်သို့ မောင်းနှင်လာစဉ် ရွာင်-ဟန်မြင့်မိုရ်ကားလမ်း မိုင်တိုင်အမှတ် ၂၈ မိုင် ၅ ဖာလုံနှင့် ၆ ဖာလုံကြားအရောက်၌ ဘရိတ်ပေါက်၍ လမ်းယာဘက် ပေ ၂၀ ခန့်အနက်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့သဖြင့် သန်းဇော်ဦး(ခ)ဖိုးဇော်ဆိုသူတွင် ထိခိုက်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးခဲ့ပြီး အောင်ကျော်မျိုး(ခ)ကိုမောစ့်နှင့် အေးချမ်းမိုး ဆိုသူတို့ နှစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့သောကြောင့် သန်းဇော်ဦး(ခ)ဖိုးဇော် ဆိုသူအား ရွာင်မြို့မရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## လိုင်စင်မဲ့မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဖမ်းဆီးအရေးယူ

**စစ်ကိုင်း ဩဂုတ် ၅**

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့ရှိ မြို့နယ်အချို့၌ လိုင်စင်မဲ့ မော်တော်ဆိုင်ကယ် လက်ဝယ်ထားစီးနင်းသူများအား ဩဂုတ် ၃ ရက်က ဖမ်းဆီး အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၃ ရက် နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က အမှတ်(၃)ရပ်ကွက်နှင့် အမှတ်(၄)ရပ်ကွက်တို့၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့၊ အောင်ချမ်းသာရပ်ကွက်နေ မျိုးညွန့်အောင်(၃၄)နှစ်၊ အမှတ်(၉)ရပ်ကွက်နေသူများဖြစ်သည့် အောင်ဇော်လင်း(ခ)ဖိုးဇော်(၄၉)နှစ်နှင့် ဒေါ်ယုဝေစိုး(၃၀)နှစ်၊ ဆင်းကွပ်(ရှေ့)ကျေးရွာနေ မျိုးမင်းကျော်(ခ)ကတုံး(၃၅)နှစ်တို့အားလည်းကောင်း၊ အလားတူ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သိမ်ဆိပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက ဆိပ်ကျွန်းကျေးရွာ၊ ကတိုက်ကြီး-မရမ်းကုန်းသွားလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် သထုံမြို့နယ်၊ ခနကတိုက်ကျေးရွာနေ ဝင်းကို(ခ)စိန်ကစ်(၅၅)နှစ်ဆိုသူအားလည်းကောင်း၊ ညနေ ၄ နာရီ ၁၀ မိနစ်တွင် ကျိုက်ထိုမြို့နယ်၊ သိမ်ဇရပ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သိမ်ဇရပ်မြို့၊ အမှတ်(၁)ရပ်ကွက်ကြီး၊ ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်၊ အုတ်ဖိုကျေးရွာနေ အောင်ဝင်းစိုး(၂၆)နှစ်ဆိုသူအားလည်းကောင်း၊ ထို့အတူ ညနေ ၄ နာရီတွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကျိုက်ထိုမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကံ့ကော်ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းပေါ်၌ ယာဉ်စစ်ဆေးခြင်းများ ဆောင်ရွက်နေစဉ် ကံ့ကော်ရပ်ကွက်နေ ရဲသူအောင်(၂၅)နှစ်အားလည်းကောင်း၊ ညနေ ၆ နာရီ ၅ မိနစ်တွင် ပေါင်မြို့နယ်၊ ပေါင်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက ကဒါ ရပ်ကွက်၊ အမှတ်(၂)တံတား၌ ယာဉ်စစ်ဆေးခြင်းများဆောင်ရွက်နေစဉ် အဆိုပါရပ်ကွက်နေ အောင်မင်းထွန်း(၄၉)နှစ်ဆိုသူအားလည်းကောင်း လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များဖြင့် ဖမ်းဆီးရမိခဲ့သဖြင့် သက်ဆိုင်ရာရဲစခန်းအသီးသီး၌ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**(အပေါ်ဝဲပုံ)**

**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**

## တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M-368/SF-7251 ဖြင့် ထိုင်းနိုင်ငံမှ မြန်မာနိုင်ငံသို့ လိုက်ပါလာသည့် တရုတ်နိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုးကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ဩဂုတ် ၃ ရက်တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်းပွန်တံတား ပူးပေါင်းလုံခြုံရေးဂိတ်၌ ယာဉ်လေးစီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းခြောက်မျိုး၊ လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုးနှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Faw Van Box Truck တစ်စီး၊ Toyota probox တစ်စီး၊ Scania Bus နှစ်စီးကို သိမ်းဆည်းရမိခဲ့ ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဩဂုတ် ၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင်ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသည့် Toyo Battery အလုံး ၁၂၀ အပါအဝင် ဆက်စပ်ပစ္စည်း ၃၆ မျိုးကို သိမ်းဆည်းရမိခဲ့ပြီး မြန်မာ့သတ္တုတွင်းဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဝဲပုံ)**




**(မန္တလေးနေ့စဉ်သတင်းအဖွဲ့)**



## ရေခဲစက်တွင် မီးလောင်မှုဖြစ် ကားတစ်စီးပျက်စီးဆုံးရှုံး

**ပြင်ဦးလွင် ဩဂုတ် ၅**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ရေခဲစက်တွင် ဩဂုတ် ၅ ရက်နံနက် ၁ နာရီ ၅၀ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း မီးသတ်တပ်ဖွဲ့မှ သိရသည်။

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ နဝရတ်လမ်းရှိ ရေခဲစက်တွင် မီးလောင်မှုဖြစ်ပွား၍ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်မီးသတ်စခန်းတို့မှတပ်ဖွဲ့ဝင်များက ပူးပေါင်းငြိမ်းသတ်ခဲ့ကြသည်။

မီးလောင်မှုကြောင့် ခြံဝင်းအတွင်း၌ရပ်ထားသည့် HUN DYI COUNTRY ကားတစ်စီး မီးလောင်ကျွမ်းကာ ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်–၆)**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(ဆ-၁၂)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ ဧရိယာ(၀ ဒသမ ၀၂၇၆)ဧကရှိ ဦးဌေးမြင့် (ဘ)ဦးပြုံး(အေအီး-၁၈၉၉၂၀) အမည်ဖြင့်ချထားရရှိသော မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က အမွေဆက်ခံပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဦးထွန်းထွန်းလင်း (ဘ)ဦးစိန်မြင့်(၉/ခမစ(နိုင်)၀၃၉၈၀၇)၊ ဦးထွန်းထွန်းမင်း (ဘ)ဦးစိန်မြင့်(၉/ခမစ(နိုင်)၀၃၈၅၅၃)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဓဓ-၇)၊ ဦးပိုင်အမှတ်(၉)၊ ဧရိယာ(၀ ဒသမ ၀၅၅၁)ဧကရှိ ဂရန်မြေကွက် ဦးထွန်းငွေ အမည်ပေါက်ရှိသော ဂရန်မြေကွက်နှင့် ယင်းမြေကွက်အပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို မိမိတို့က အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့၍ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူများဖြစ်ကြသော ဒေါ်လှမြင့် (ဘ)ဦးလှအောင်(၁၂/လကန(နိုင်)၀၀၄၀၉၀)၊ သမီး ဒေါ်ခင်စိုးဝင်း (ဘ)ဦးထွန်းရွှေ(၁၂/လကန(နိုင်)၀၀၄၃၇၈)တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးခိုင်**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(ဆ-၇/၈၅-က)၊ ၇၀(အေ)လမ်း၊ ၁၀၈လမ်းနှင့်၁၀၉လမ်းကြား(၁၀၉လမ်းမှ ဝင်ရမည်။)**
**မြို့သစ်(၂)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၄၃၁၁၀၇၆၀**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမရဌာနီအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉/ခ၊ ၄၁၅/N)တွင်ရှိသော ဦးပိုင်အမှတ်(၃၂/က)အတွင်းမှ အကျယ်အဝန်း(၁၅ပေ×ပေ၄၀)ရှိ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိပါသည်ဟု အဆိုပြုသူ ဒေါ်ခင်သန္တာဝင်းထံမှ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက်အတွင်း အထောက်အထားပြသည့် စာချုပ်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ -**

**ဒေါ်ဝင့်ဝါဦး (အထက်တန်းရှေ့နေ)**
**LL.B , D.B.S , Diploma in English (MUFL) DL (101); IP Law (Geneva , Switzerland)**

**ဒေါ်သံသာဦးဝေ(အထက်တန်းရှေ့နေ)**
**LL.B , D.B.S , DL (101); IP Law (Geneva , Switzerland)**

**လမ်း၈၀၊ ၁၀လမ်းနှင့် ၁၁လမ်းကြား၊ အမရဌာနီအနောက်ရပ်ကွက်၊**
**အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၆၈၂၂၂၂၁၃၃၊ ၀၉-၂၀၃၁၆၈၃၊ ၀၉-၇၇၂၀၃၁၆၈၃**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(ဖဖ-၁၀)၊ ဦးပိုင်နံပါတ်(၁၈)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၂၇၅)ဧက၊ ပေ(၃၀×၄၀) အကျယ်အဝန်းရှိ ဦးထွန်းရီ အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်၏ အရှေ့ဘက်ခြမ်း(၁၅ပေ×ပေ၄၀)အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်ကြည်မြိုင် (ဘ)ဦးကျော်လှိုင်(၉/မထလ(နိုင်)၁၄၁၅၆၁)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ်(မမ-၁၈)၊ ဦးပိုင်နံပါတ်(၂၀÷E)ဟု ခေါ်တွင်သော မြေဧရိယာ(၀ ဒသမ ၀၁၃၇)ဧက အကျယ်အဝန်းရှိ ဒေါ်နုနုခင် အမည်ဖြင့်မြေနေရာချထားပေးခြင်းခံခဲ့ရသည့် မြေကွက်နှင့် ယင်းမြေကွက်၏ ပိုင်ဆိုင်ခွင့်၊ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိလက်ရောက်ဝယ်ယူပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံကတိပြုသူ ဒေါ်သင်းဦး (ဘ)ဦးအောင်သန်း(၉/မရတ(နိုင်)၀၂၆၉၀၇) [၎င်း၏ကိုယ်စား သားဖြစ်သူ ဦးသုတအောင် (ဘ)ဦးဝင်းဆွေ(၉/ခမစ(နိုင်)၀၃၉၃၉၂)]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီသဖြင့် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါ မြေကွက်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ချက်အရ-**

**ဦးတင်အောင်မိုး (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အိအိမွန် (LL.B, LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်ယုသစင်အောင် (LL.M)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်အေးနန္ဒာထွန်း (LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်မာလာစိုး (LL.B)** အထက်တန်းရှေ့နေ
**ဒေါ်ဖူးသန့်မွန် (LL.B)** အထက်တန်းရှေ့နေ

**အမှတ်(D-၁၅၇)၊ ၆၇လမ်း၊ ၁၀၄လမ်းနှင့်၁၀၅လမ်းကြား၊ မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့။**
**ဖုန်း ၀၉-၂၀၃၂၅၆၄၊ ၀၉-၉၇၇၄၄၈၉၄၄၊ ၀၉-၄၀၂၅၉၅၀၂၁၊ ၀၉-၄၄၄၀၀၆၅၄၆**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ သုခမင်္ဂလာ-၄၊ အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ကွင်းအမှတ်(၄၉၈-က/ကျိုကုန်း)၊ ဦးပိုင်အမှတ်(၄/၁၈၃)၊ ဧရိယာ(၀ ဒသမ ၀၂၈)ဧက အကျယ်အဝန်းရှိ ဒေါ်သန်းသန်းဆွေ အမည်ပေါက်ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ၊ ရေတိုင်၊ လျှပ်စစ်မီတာ ပါဝင်သော မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ခင်မို့မို့ဝင်း (ဘ) ဦးသန်းဝင်း(၉/ပသက(နိုင်)၁၁၂၇၂၇)ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း၊ အထောက်အထားမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြင့်သူ(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ**
**အောင်မင်္ဂလာ(၁)ရပ်ကွက်၊ ပုသိမ်ကြီးမြို့။ ဖုန်း ၀၉-၄၃၀၁၁၁၆၈**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၈၇)၊ ၁၁၄လမ်းနှင့်၁၁၅လမ်းကြား၊ ၅၁လမ်းနှင့်၅၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးစန်းပိုင်(၉/မရတ(နိုင်)၀၀၅၆၈၃၊ EMDY-၂၆၉၈၀၂)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၇၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်(၅/အရတ(နိုင်)၀၅၃၅၁၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ်၊ ပင်မကိုယ်ပိုင်အထက်တန်းကျောင်း Grade-12 (STEAM-1)မှ **မမေစင်ကျော်နိုင်**၏ ဖခင်အမည်မှန်မှာ ဦးကျော်နိုင် ဖြစ်ပါသည်။

**ဦးကျော်နိုင်(၅/မမတ(နိုင်)၀၅၁၇၇၀)**

## ကြော်ငြာစာ

မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(ဘဘ-၁၄)၊ ဦးပိုင်အမှတ်(၈၆)၊ ၁၁၄လမ်းနှင့်၁၁၅လမ်းကြား၊ ၅၁လမ်းနှင့်၅၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးသောင်းညွန့်(၉/မရတ(နိုင်)၀၀၅၇၂၈)၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၆၀၇၂/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးမောင်မောင်(၅/အရတ(နိုင်)၀၅၃၅၁၃)က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဌာနမှူး မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ။

## အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ ကျောက်ဖျာတိုးကျေးရွာအတွင်းရှိ မျက်နှာဖွင့် (၈၂)ပေ၊ အရှေ့ဘက်ခြမ်း တောင်မြောက် (၂၀၃)ပေ၊ အနောက်ဘက်ခြမ်း တောင်မြောက် (၁၆၉)ပေ၊ အနောက်မျက်နှာစာ (၈၉ပေ ၁၀လက်မ) အကျယ်အဝန်းရှိ ရွာမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရောင်းအဝယ်အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် လက်ရှိလက်ရောက် ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်အပြည့်အဝရှိသည်ဟု အဆိုပြုသူ ဒေါ်သန်းသန်းငွေ (ခ)ဦးပေါင်လွမ့် (ဘ)ဦးဆန်းထွန်း(၁/ဗမန(နိုင်)၀၄၈၂၇၀) ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေများက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်နန်းရွှေစင်ငယ်(LL.B)** တရားလွှတ်တော်ရှေ့နေ
**ဒေါ်တွယ်တာဝင်းနိုင်(LL.B)** အထက်တန်းရှေ့နေ

**EASY အိမ်ခြံမြေအကျိုးဆောင်လုပ်ငန်း**
**လမ်း၇၀၊ လမ်း၃၀နှင့်၃၁လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း ၀၉-၇၈၇၃၈၀၀၉၁**

❖ MSME လုပ်ငန်းများ တိုးတက်အောင်မြင်စေရေးအတွက် အားပေးဆောင်ရွက်ခြင်းရည်ရွယ်ချက်မှာ အဓိကပြည်တွင်းစီးပွားရေး တစ်နည်းအားဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကိုအားပေးခြင်းဖြစ် ...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့တွင် ပြုလုပ်သော မြန်မာ့စားသောက်ကုန်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (၂၀၂၅)ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား / အမျိုးသမီး) လေးယောက်တွဲ အုပ်စုပတ်လည်ပြိုင်ပွဲများနှင့် ကွာတားဖိုင်နယ်ပြိုင်ပွဲများ ဆက်လက်ကျင်းပ



နေပြည်တော် ဩဂုတ် ၅

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ကြီးမှူး၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/ အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးသည်။ (ဃာပုံ)

ယနေ့ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲ ပွဲစဉ်များတွင် မကွေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ရောဝတီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များတွင် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ဆက်လက်၍ အုပ်စုပတ်လည်ပြိုင်ပွဲများအပြီးတွင် (အမျိုးသား/အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ် ပြိုင်ပွဲပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားကြရာ (အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ် ပြိုင်ပွဲ ပွဲစဉ်များတွင် မွန်ပြည်နယ်အသင်းက ကရင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် ကွာတားဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်များတွင် ရောဝတီတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့် လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

(အမျိုးသား) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပြိုင်ပွဲပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ရောဝတီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်း၊ (အမျိုးသမီး) လေးယောက်တွဲ အဖွဲ့လိုက် အကြိုဗိုလ်လုပွဲ ပြိုင်ပွဲပွဲစဉ်များအဖြစ် ရောဝတီတိုင်းဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့သည် ဩဂုတ် ၆ ရက်တွင် ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ပြီး အကြိုဗိုလ်လုပွဲ ပွဲစဉ်များအပြီးတွင် တတိယလုပွဲ ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အေအက်ဖ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တာမင်နစ္စတန်အသင်းတို့ ယနေ့ယှဉ်ပြိုင်ကစားမည်

၂၀၂၆ အေအက်ဖ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀) ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)ပွဲစဉ်အဖြစ် မြန်မာအသင်းနှင့် တာမင်နစ္စတန်အသင်းတို့ ဩဂုတ် ၆ရက်(ယနေ့)ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။



ဒေါ်သက်သက်ဝင်း(မြန်မာ အမျိုးသမီး ယူ-၂၀ အသင်း နည်းပြချုပ်)က ကျွန်တော့်ကို အခွင့်အရေးထပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒါကြောင့်လည်း ကလေးတွေရော၊ ကျွန်တော်တို့ရော စိတ်ပိုင်းဆိုင်ရာ အကောင်းဆုံးပြုပြင် တည်ဆောက်ပြီးတော့ ပြိုင်ပွဲဝင်သွားမှာပါ။ ယုံကြည်မှုလည်း ရှိပါတယ်။ ကျွန်တော်တို့အသင်းက အကောင်းဆုံးရလဒ်ကို ရယူပြီးတော့ အောင်မြင်မှုရယူနိုင်မယ်လို့ ယုံကြည်ပါတယ်။ ပရိသတ်တွေကိုလည်း တောင်းပန်ပါတယ်။ ဒီပွဲကိုလည်း လာရောက်အားပေးပါဦးလို့ ဖိတ်ခေါ်ပါတယ်ဟု ပြောသည်။

မြန်မာအသင်းသည် ၂၀၂၆ အေအက်ဖ်စီအာရှဖလား အမျိုးသမီး(ယူ-၂၀)ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲ(အုပ်စု-ဃ)ပွဲစဉ်အဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏ ဘောလုံးကွင်းကြီးတွင် တာမင်နစ္စတန်အသင်းအား ဧည့်ခံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

**နိုင်ကမ္ဘာ**

## အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၅

(၁၃)ကြိမ်မြောက် အာဆီယံအမျိုးသမီး တံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်အထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီးဘောလုံးလက်ရွေးစင်အသင်းနှင့် ဩစတြေးလျအမျိုးသမီး U-23 အသင်းတို့သည် ဩဂုတ် ၇ ရက် ညနေ ၄ နာရီခွဲတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါ ပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည် ဖြစ်သည်။

**သတင်းစဉ်**

## ရခိုင်ယူနိုက်တက်(ယူ-၂၁)ကို (၇) ဂိုးပြတ်အနိုင်ရရှိခဲ့သည့် ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်း

ရန်ကုန်ယူနိုက်တက်လူငယ်အသင်း၏ MNL Youth League ဒုတိယအကျော့ပထမဆုံးပွဲစဉ်အဖြစ် ရခိုင်ယူနိုက်တက်လူငယ်အသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ရန်ကုန်ယူနိုက်တက်လူငယ်အသင်းက (၇-၀)ဖြင့် အနိုင်ရရှိခဲ့ပါသည်။

ရန်ကုန်ယူနိုက်တက်လူငယ်အသင်းသည် ပထမပိုင်းတွင် ရခိုင်ယူနိုက်တက်လူငယ်အသင်းအား (၅-၀) ဂိုးဖြင့် ဦးဆောင်ထားနိုင်ပြီး ပွဲချိန် ၁၄၊ ၃၁၊ ၃၂၊ ၃၈၊ ၄၃ မိနစ်များတွင် ခွန်းချိုထူး၏ ဟက်ထရစ်ဂိုးနှင့် အားရွှေတို့က အသီးသီးသွင်းယူပေးခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ရန်ကုန်လူငယ်အသင်းမှ ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန် ၇၂ မိနစ်နှင့် ၈၂ မိနစ်တို့တွင် ရဲဝင်းအောင်နှင့်ထက်ဝေယံစိုးတို့က ဆဋ္ဌမဂိုးနှင့် သတ္တမဂိုးများအား သွင်းယူပေးခဲ့ခြင်းကြောင့် ပွဲပြီးချိန်တွင် (၇-၀)ဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့သည်။

ရန်ကုန်ယူနိုက်တက်(ယူ-၂၁) အသင်းသည် (၁၄)ပွဲကစား၊ (၉)ပွဲနိုင်၊ (၃) ပွဲသရေ၊ (၂)ပွဲရှုံး ရမှတ် (၃၀)ရရှိထားပြီး လာမည့် ဩဂုတ်လ ၁၁ ရက် တွင် ရတနာပုံ (ယူ-၂၁) အသင်းနှင့် YUSC ကွင်းတွင် ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ **(NGB)**